# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၂၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ◆*





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူ မောင်မင်းကြွယ်စင်သန့်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။


**ယနေ့** *ဖတ် စ ရာ*



DEMU စီး၍ ခရီးသွားခဲ့သည် ... ဆောင်းပါး စာ ၆

အာဖဂန်နစ္စတန်၌ စားရေရိက္ခာဖူလုံမှု အားကောင်းစေရန် ကြက်သွန်နီ အအေးခန်းသိုလှောင်ရုံပေါင်း ၁၂၀ ဆောက်လုပ် နိုင်ငံတကာသတင်း စာ ၁၄

တရုတ်နိုင်ငံ၌ နိုင်ငံပေါင်း ၉၀ ကျော်မှ သတင်းထောက် ၁၀၀ ကျော်ဖြင့် မီဒီယာဖလှယ်မှုအစီအစဉ်စတင် ပြည်တွင်းသတင်း စာ ၁၅






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ *ရွှေဖုံးမှ*

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပညာအရာတွင် ထူးချွန်ထက်မြက်သူ၊ အများထက်သာလွန်သည့် ဉာဏ်ပညာရှိသူ၊ ဖွဲ၊ လုံ့လ၊ ဝီရိယများနှင့် ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ်ကြိုးစားအားထုတ်အောင်မြင်ကြသူများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုအပ်နှင်းချီးမြှင့်သည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်မှုများရရှိခြင်းသည် လွယ်လွယ်ကူကူနှင့် ရခဲ့ခြင်းမဟုတ်ဘဲ ငယ်စဉ်ကတည်းက ပညာကို ကြိုးစားသင်ယူလိုစိတ်များ စိမ့်ဝင်စွဲမြဲခဲ့ပြီး ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို မရရအောင် သန္နိဋ္ဌာန်ချ အရောက်လှမ်းရယူနိုင်ခဲ့၍သာ ရရှိခြင်းဖြစ်ကြောင်း၊ ထိုသို့ထူးခြားသည့် ဝိသေသရှိသူများကို ဂုဏ်ပြုချီးမြှောက်ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ မင်္ဂလာတစ်ပါးလည်းဖြစ်ကြောင်း။

**ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိ**

နိုင်ငံဖွံ့ဖြိုးရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် **"လူငယ်တွေရဲ့အား"**နှင့်တည်ဆောက်မှ ရနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များသည် အသိဉာဏ်ပညာပြည့်ဝသည့် ပညာတတ်များဖြစ်ရန် လိုအပ်သလို နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များကို အစဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခြင်းကို အစဉ်အလာ ကောင်းတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**"ပညာ"** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အသိဉာဏ်ပညာပြည့်စုံကြမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် စစ်မှန်သည့် အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူ မနှင်းသီရိဝေအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စဉ်ဆက်မပြတ် တိုးတက်ခိုင်မာစေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **"အမျိုးသားပညာရေးကဏ္ဍ"** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပံ့ပိုးပေးနေသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း နိုင်ငံသားတိုင်း ပညာအလင်းရရှိစေရန်၊ ပညာရည်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျရာကဏ္ဍမှ ပြည်သူ့အကျိုးကို သယ်ပိုးနေသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ တစ်နည်းဆိုပါက ပညာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို **"အမျိုးသားရေးတာဝန်တစ်ရပ်"** အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ဦးလည်မသုန် ထမ်းဆောင်နေကြခြင်းဖြစ်၍ ပညာရေးဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

**နိုင်ငံအတွက် အလွန်အရေးကြီး**

ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီသဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှု မြင့်မားရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်ရှိကြရန်လိုကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်းကို အသိပေးပြောကြားလိုကြောင်း။

**မှတ်တမ်းကောင်းတစ်ခုအဖြစ် ဂုဏ်ယူရမည်**

ယခုနှစ်တွင် အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး၏ ဆိုးရွားသည့် ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသော်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်မှုများဖြင့် အခက်အခဲများ၊ အဟန့်အတားများကို တုံ့ဆိုင်းမှုမရှိ ကျော်လွှားနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် တက္ကသိုလ်များ၊ ကျောင်းများကို အခက်အခဲများကြားမှ အတတ်နိုင်ဆုံး မရပ်မနားပုံမှန်ဖြစ်အောင် ဖွင့်လှစ်ပြီး အန္တရာယ်များကြားက စိတ်ကောင်းစေတနာများဖြင့် သင်ကြားရေးအဆက်မပြတ်အောင် ကြိုးစားဆောင်ရွက်ခဲ့ခြင်းများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများသည် ပညာရေးသမိုင်းတွင် မှတ်တမ်းကောင်းတစ်ခုအဖြစ် ဂုဏ်ယူရမည်ဖြစ်ကြောင်း။

ထိုသို့အခက်အခဲများကြားက ရုန်းထပြီး စစ်မှန်သည့် အရည်အသွေးနှင့် အရည်အချင်းကို ထုတ်ဖော်ပြနိုင်ခဲ့သည့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်းသည် ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် ၁၉၆ ဦးအထိ ပေါ်ထွက်လာခဲ့ကြောင်း။

ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြား၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆုတန်ဖိုးပမာဏထက် ဆုရရှိသူများ၏ ကြိုးစားမှု၊ အောင်မြင်မှုဂုဏ်ဒြပ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ထူးချွန်ထက်မြက်သည့် လူငယ်များကို ဂုဏ်ပြုချီးမြှောက်လိုသည့်ဆန္ဒက အဆမတန် သာလွန်နေသည်ဆိုသည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် ယမန်နှစ်ကကဲ့သို့ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့ကြသည့် ထူးချွန်ကျောင်းသားကျောင်းသူများကို ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာ**

ထူးချွန်မောင်မယ်များအနေဖြင့် အခြေခံပညာသင်ယူစဉ်တွင် အလေ့အကျင့်ကောင်းများနှင့် အစွမ်းကုန်ကြိုးစားခဲ့ကြသလို အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ဝါသနာပါသည့်၊ စိတ်ဝင်စားသည့် ပညာရပ်များကို မှန်မှန်ကန်ကန်ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊

*စာမျက်နှာ ၄ သို့*

❑ **ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြား၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်၊ ဆုတန်ဖိုးပမာဏထက် ဆုရရှိသူများ၏ ကြိုးစားမှု၊ အောင်မြင်မှုဂုဏ်ဒြပ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ထူးချွန်ထက်မြက်သည့် လူငယ်များကို ဂုဏ်ပြုချီးမြှောက်လိုသည့်ဆန္ဒက အဆမတန် သာလွန်နေသည်ဆိုသည်ကို ပြောကြားလို**

❑ **ထို့အပြင် ယမန်နှစ်ကကဲ့သို့ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့ကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဝိပွဲ့ဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူတစ်ဦးဖြစ်သည့် မသက်မှူးဝေဇင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူတစ်ဦးဖြစ်သည့် စောချစ်အောင်ဖေယျထွန်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

**❍ ထူးချွန်မောင်မယ်များအနေဖြင့် အခြေခံပညာ သင်ယူစဉ်တွင် အလေ့အကျင့်ကောင်းများနှင့် အစွမ်းကုန်ကြိုးစားခဲ့ကြသလို အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ဝါသနာပါသည့်၊ စိတ်ဝင်စားသည့် ပညာရပ်များကို မှန်မှန်ကန်ကန် ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်း**

**❍ အဆင့်မြင့်ပညာသင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကို လေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာသင်ယူခြင်းအားဖြင့်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာ**

အဆင့်မြင့်ပညာ သင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကို လေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာသင်ယူခြင်းအားဖြင့်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် မှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံ့အခင်းအကျင်းသာမက ကမ္ဘာ့အခင်းအကျင်းကိုပါ မျက်ခြည်မပြတ် လေ့လာနေရန်၊ မှန်ကန်သည့်အတွေးအမြင်များရှိရန် လိုအပ်ကြောင်း၊ သုတေသနအခြေပြု လေ့လာမှုများကတစ်ဆင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မှာဖြစ်ကြောင်း။

**လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှု များပြားလာ**

ယနေ့ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှုများပြားလာကြောင်း၊ ထိုအထဲတွင် ကျင့်ဝတ်မဲ့သတင်းတု သတင်းမှားများနှင့် လုပ်ကြံသတင်းများက လွဲမှားသည့် အတွေးအခေါ်၊ အယူအဆများ စိမ့်ဝင်လာနိုင်သည်ကို အသိ၊ သတိ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်နေထိုင်ကြရန်လိုကြောင်း၊ လူငယ်များအနေဖြင့် ခေတ်ရေစီးကြောင်းအလိုက် ကောင်းမွန်သည့် တိုးတက်မှုနည်းလမ်းများကို ရှာဖွေရမည်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မေးမှိန်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်း။

လူငယ်များအနေဖြင့် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့်အရာအားလုံးကို ဉာဏ်ပညာနှင့် ဆန်းစစ်၊ သုံးသပ်၊ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသင်ခန်းစာများ၊ ဘဝအတွေ့အကြုံများကနေ သင်ယူနိုင်သည့်အပြင် စာအုပ်စာပေ ဖတ်ရှုခြင်းကတစ်ဆင့်လည်း လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းများတွင် စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ လူငယ်များအနေဖြင့်လည်း အကျိုးရှိသည့် စာအုပ်စာပေများကို များများဖတ်ရှုကြရန် အလေးအနက်ထားပြီး မှာကြားလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များတွင် အသက်အရွယ်နှင့် ပညာအဆင့်အလိုက် လေ့လာသင့်ပြီး အကျိုးရှိသည့် စာအုပ်စာစောင်များ ရှိအောင် ဖြည့်ဆည်းပေးရန်ကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**မိမိကိုယ်မိမိ ကောင်းမွန်အောင် ကြိုးစား**

ထူးချွန်မောင်မယ်များအနေဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့်သူဖြစ်ရန် ပထမဦးစွာ မိမိကိုယ်မိမိ ကောင်းမွန်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့် လူတော်၊ လူကောင်း၊ လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်၊ မိမိတို့ကိုးကွယ်သည့် ဘာသာတရား၏ အဆုံးအမနှင့် တစ်ပါးသူအပေါ် ကိုယ်ချင်းစာတရား၊ သည်းခံခွင့်လွှတ်ခြင်းဆိုသည့် အခြေခံ စိတ်ဓာတ်ကောင်းကို မွေးမြူကြရန်၊ အတ္တနှင့်ပရ အကျိုးနှစ်ဝကို မျှမျှတတ လက်ခံကျင့်သုံးကာ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ကျက်သရေတင့်တယ်သည့် နိုင်ငံ့သားကောင်းများအဖြစ်မှသည် ကမ္ဘာ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် ယနေ့အချိန်တွင် လူငယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း၊ **"အာရောဂျံ ပရမံ လာဘံ"** ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အရေးကြီးကြောင်း၊ ကျန်းမာသန်စွမ်းပြီး ပညာကို ဘဝတစ်လျှောက် သင်ယူနိုင်ရန် ကိုယ်လက်လှုပ်ရှား အားကစားကို လေ့လာလိုက်စားကြရန်လိုကြောင်း၊ ထို့ကြောင့် **"ဗလငါးတန်"** နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင် ကြိုးစားပြီး ကျင့်ကြံနေထိုင်ကြရန် မှာကြားလိုကြောင်း။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့် ဆောင်ပုဒ်အတိုင်း KG+12 ပြီးမြောက်အောင်မြင်ခဲ့ကြသူများဖြစ်၍ ၁၂ နှစ်တာကာလ စည်းကမ်းစနစ်တကျနှင့် လေ့လာနေထိုင် ကြိုးစားအားထုတ်သည့် အလေ့အကျင့်ကောင်းများရကြသူများဖြစ်ကြပြီး အဆိုပါ အလေ့အကျင့်သည် မိမိဘဝတိုးတက်မှုကို များစွာအထောက်အကူပြုစေမှာဖြစ်ကြောင်း။

လူရယ်လို့ဖြစ်လာပါက စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန် လိုကြောင်း၊ စည်းကမ်းရှိမှသာ ဥပဒေကို လေးစားလိုက်နာမှာဖြစ်ကြောင်း၊ စည်းကမ်းမရှိက ဥပဒေကို ဖောက်ဖျက်မိမှာဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ ဘေးအန္တရာယ်ကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများဖြစ်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့်အကြောင်းအရာများကို ငယ်စဉ်ကတည်းက သိရှိစွဲမြဲနိုင်အောင် အခြေခံပညာကျောင်းများတွင် အလေးထားသင်ကြားပေးစေလိုကြောင်း။

**လူငယ်များ၏ စိတ်ကိုပါ ပြုပြင်ပေး**

ကျောင်းသားလူငယ်များသည် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းကြောင်းများကို လေးစားတန်ဖိုးထားတတ်ရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် နိုင်ငံတော်အလံ အလေးပြုခြင်း၏အဓိပ္ပာယ်နှင့် နိုင်ငံတော်သီချင်း၏ အနှစ်သာရကို ကောင်းစွာသိရှိပြီး စနစ်တကျ သီဆိုတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်းအပါအဝင် လူငယ်များ၏ စိတ်ကိုပါ ပြုပြင်ပေးကြရန် လိုကြောင်း။

လူငယ်များအနေဖြင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းကြရန်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် တတ်အားသရွေ့ ပါဝင်ကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများအတွက် မကြာမီတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ကြောင်း၊ ပြည်သူများမျှော်လင့်နေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်မည်ဆိုပါက ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့်ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကစပြီး ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးပါက ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံ့တာဝန်လွှဲပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်များဖြစ်စေရေး တတ်နိုင်သမျှ ပြည့်စုံအောင် ကြိုတင်စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသက်ပြည့်မီသည့် ကျောင်းသားကျောင်းသူများအပါအဝင် မိဘပြည်သူများ၊ တိုင်းရင်းသားပြည်သူများအားလုံးအနေဖြင့် ရွေးကောက်ပွဲ၏ အခြေအနေနှင့် အနှစ်သာရကိုသိရှိကြပြီး မဲပေးခွင့်ရှိသူများ၏ အခွင့်အရေး မဆုံးရှုံးရအောင် ဆန္ဒမဲပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီစနစ် ကူးပြောင်းရေးတွင် နိုင်ငံသားတစ်ယောက်ရသင့်သည့်အခွင့်အရေး လက်လွှတ်မခံသင့်ကြောင်းကို ပြောကြားလိုကြောင်း။

**ပြည်သူအားလုံးပါဝင်ရန်နှင့် ပူးပေါင်းရန်လို**

နောက်တစ်ချက်အနေဖြင့် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များလည်းရှိနေကြောင်း၊ ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးဟန့်တားခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန် အဓိကဖြစ်သည့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အဖျက်အမှောင့်လုပ်ရပ်များကို ထိန်းသိမ်းကာကွယ်သွားကြရန်၊ ပြည်သူအားလုံးပါဝင်ရန်နှင့် ပူးပေါင်းရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပညာရေးဝန်ထမ်းများအနေဖြင့် လက်ရှိပညာရေးစနစ်ကို ပြန်လည်လေ့လာသုံးသပ်ပြီး အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ထူထောင်နိုင်ရန်နှင့် နိုင်ငံကိုအကျိုးပြုနိုင်သည့် ပညာတတ်လူငယ်အရေအတွက် များစွာပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်ကြရန်၊ ထူးချွန်မောင်မယ်များအနေဖြင့် နိုင်ငံ့ပုံရိပ်ကို ပညာဖြင့် မြှင့်တင်ပေးနိုင်အောင် ဆက်လက်ကြိုးစားသွားကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်းကို လေးလေးနက်နက်ခံယူပြီး တိုင်းပြည်တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍကနေ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသားကျောင်းသူ ၁၃ ဦးအား တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသားကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

### ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသားကျောင်းသူ ၁၀ ဦးအားလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဘာသာစုံဂုဏ်ထူးရရှိသည့် ကျောင်းသားကျောင်းသူ ၁၀ ဦးအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘာသာစုံဂုဏ်ထူးရှင်ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

### ကျေးဇူးတင်စကားပြောကြား

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက "လူချွန်လူကောင်း" တေးသရုပ်ဖော်တင်ဆက်မှုဖြင့်လည်းကောင်း၊ "မြန်မာ့ကျောင်း" တေးသီချင်းကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### လိုက်လံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်း

**ရန်ကုန် ဩဂုတ် ၂၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်တို့နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သောအဖွဲ့အား တာဝန်ရှိသူများက လက်ရှိတရားလွှတ်တော် အဆောက်အအုံအခြေအနေ၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လျာထားချက်၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့က ယခုအဆောက်အအုံသည် ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် (Haritage) အဆောက်အအုံဖြစ်သည့်အတွက် ယခင်အဆောက်အအုံပုံစံအတိုင်း ရှေးမူလက်ရာမပျက်စေဘဲ အရည်အသွေးပြည့်မီစွာဖြင့် စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ တာဝန်ယူဆောင်ရွက်မည့်အဖွဲ့များအနေဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုပါကြောင်း မှာကြားပြီး အဆောက်အအုံအတွင်း အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံမှာ အလျား ၂၉၉ ဒသမ ၆ ပေ အနံ ၂၈၈ ပေရှိ စတုဂံပုံသဏ္ဍာန် သုံးထပ်အဆောက်အအုံဖြစ်ပြီး ၁၉၀၅ ခုနှစ်တွင် တည်ဆောက်၍ ၁၉၁၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုစဉ်က ကုန်ကျငွေမှာ ရူပီး ၂ ဒသမ ၄၅ သန်းဖြစ်ပြီး အဆိုပါအဆောက်အအုံတွင် ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်၏ အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့အစည်းအဆက်ဆက် ရုံးထိုင်၍ အမှုများ စစ်ဆေးကြားနာစီရင်ခဲ့ပြီး သမိုင်းတန်ဖိုးမြင့်မားသော ရှေးဟောင်းအဆောက်အအုံဖြစ်သည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည်လည်း ၂၀၁၁ ခုနှစ်မှစ၍ ယနေ့တိုင် ဤအဆောက်အအုံတွင်ပင် ရုံးထိုင်၍ တရားစီရင်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က ၁၉၉၆ ခုနှစ်တွင် ဤအဆောက်အအုံကို ရှေးဟောင်းလက်ရာအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရန်ကုန်မြို့ပြအမွေအနှစ် (Yangon City Heritage) အဆောက်အအုံအဖြစ် အပြာရောင်ကမ္ပည်းပြား (Blue Plaque) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် တပ်ဆင်ခဲ့သည်။

အဆိုပါအဆောက်အအုံနှင့် စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်တွင် လာရောက်ကြည့်ရှုစဉ်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် မူလလက်ရာ မပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခု ဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းသည့်အနေဖြင့် အဆောက်အအုံအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# DEMU စီး၍ ခရီးသွားခဲ့သည် ...

ရွှေယွန်း

မိုးကတဖွဲဖွဲ မစဲတမ်းရွာနေသော်လည်း ခရီးသည်များက တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် နေပြည်တော် ဘူတာဝင်းထဲ အဆက်မပြတ် ဝင်ရောက်လျက်ရှိသည်။ ရထားစောင့်ဆိုင်းနိုင်ရန်အတွက် သပ်သပ်ရပ်ရပ်စနစ်တကျ စီစဉ်ပေးထားသည့် ခုံနေရာများတွင် ခရီးသည်များနေရာယူကာ ခရီးစဉ်အတွက် အသင့်ပြင်ထားကြသည်။ ခရီးသည်များထဲတွင် နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် လာရောက်သူကများသည်ကို သတိပြုမိသည်။ ရထားထွက်ချိန်က မွန်းတည့် ၁၂ နာရီ။

### ခေတ်မီလေအေး ပေးစက်ပါ DEMU လူစီးအမြန်ရထား

ရထားမထွက်ခင် ဟိုတစ်စု၊ သည်တစ်စု ခရီးသည်အချင်းချင်း ရထားခရီးစဉ် သတင်းအချက်အလက်များကို ဝေမျှကြသည်။ ခေတ်မီလေအေးပေးစက်ပါ Diesel Electric Multiple Unit (DEMU) ရထားကြီး မြန်သည့်အကြောင်း၊ အချိန်မှန်သည့်အကြောင်း၊ ရထားပေါ်တွင် ရထားမယ်ပါသည့်အကြောင်း၊ ယခင်က RBE ရထားနှင့် ယခုအသစ် DEMU ရထားကွာခြားချက် အကြောင်းများပင်။ ကျွန်မတို့အဖွဲ့က အလုပ်ကိစ္စအတွက် နေပြည်တော်မှ ရန်ကုန် DEMU လူစီးအမြန်ရထားခရီးစဉ် လိုက်ပါစီးနင်းကြမည်ဖြစ်သည်။ တစ်ဖွဲ့လုံး DEMU အမြန်ရထားကို ပထမဆုံးအကြိမ် စီးမည့်သူများဖြစ်သည်။ ပထမဆုံးအတွေ့အကြုံအတွက် ခရီးစဉ်တူ ခရီးသည်ချင်း ဝေမျှသည့် အကြောင်းအရာများကို နားစွင့် နားထောင်မိကြသည်။



နေပြည်တော်ဘူတာကြီးမှ ထွက်ခွာမည့် DEMU လူစီးအမြန်ရထားအား တွေ့ရစဉ်။

မွန်းတည့် ၁၂ နာရီ မထိုးမီ ၁၅ မိနစ်၊ မိနစ် ၂၀ အလိုတွင် ခရီးသည်များက ရထားပေါ်တက်ရန် အလျှိုလျှိုထွက်ခွာကြတော့သည်။ ထိုအချိန်တွင် မြန်မာ့မီးရထားမှ ဝန်ထမ်းများက နေပြည်တော်-ရန်ကုန်ခရီးသည်များ ရထားပေါ် အချိန်မီတက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးကြသည်။ သက်ကြီးရွယ်အို အဘိုးအဘွားများ၊ ခရီးသည်များ၊ အထုပ်အထည်များဖြင့် မနိုင်တနိုင်ဖြစ်နေသည့် ခရီးသည်များကို အဆင်ပြေလွယ်ကူစွာ ရထားပေါ်ရောက်ရှိရေး မီးရထားဝန်ထမ်းများက ကူညီပေးကြသည်။

မွန်းတည့် ၁၂ နာရီအတိတွင် ရထားကြီးသည် အချိန်မှန်ထွက်ခွာခဲ့သည်။ ကျွန်မတို့အဖွဲ့လည်း Diesel Electric Multiple Unit(DEMU) လူစီးအမြန်ရထားကြီးစီးရသည့် အတွေ့အကြုံသစ်ကို စတင်ခံစားခဲ့သည်။

ကျွန်မတို့ အဖွဲ့တွင် ပါဝင်သူတိုင်း ရထားစီးဖူးကြပါသည်။ ကျွန်မတို့ အဖွဲ့မှ အချို့သည် ပြည်ပနိုင်ငံများ၏ ခေတ်မီအမြန်ရထားများ စီးဖူးကြပါသည်။ သို့သော် အခြားနိုင်ငံများနည်းတူ ကိုယ့်နိုင်ငံကို ခေတ်မီစေချင်သည့် စိတ်၊ တိုးတက်စေချင်သည့် စိတ်ကြောင့် DEMU လူစီး အမြန်ရထား၏အခြေအနေကို စိတ်ဝင်စားလျက်ရှိသည်။ အားလုံးက အချိန်မှန်မမှန်၊ လုံခြုံမှု ရှိမရှိ၊ သန့်ရှင်းမှု ရှိမရှိကို လေ့လာလိုကြသည်။ ထို့ကြောင့် ရထားထွက်သည်နှင့် အချိန်မှန်၊ မမှန် နာရီကြည့်ကြသည်။ ၁၂ နာရီအတိပင်။ ထို့အတွက် ကျေနပ်သွားကြသည်။ မြန်မာ့မီးရထား တစ်ခေတ်ဆန်းသစ်ပြီဟု မှတ်ချက်ပြုကြသည်။

### ထိုင်ခုံများ သက်သောင့်သက်သာရှိ

ရထားထွက်ချိန်မှ ရန်ကုန်ဘူတာ ရောက်သည်အထိ ခရီးစဉ်တစ်လျှောက် စူးစမ်းလေ့လာကြမည်။ DEMU လူစီးအမြန်ရထားကြီးက အချိန်မှန်မှန်ဖြင့် ရန်ကုန်ဘူတာကြီးဆီ ထွက်ခွာနေပြီဖြစ်သည်။ ရထားပေါ်ရောက်၍ ရထားစနစ်ကို လေ့လာကြည့်သည့်အခါ DEMU လူစီးအမြန်ရထား၏ ထိုင်ခုံများသည် သန့်သန့်ရှင်းရှင်း သက်သောင့်သက်သာရှိသည်။ အဲကွန်းစနစ်ပါသည့်အတွက် အေးသည်။ အပေါ့အပါးအတွက် သန့်ရှင်းသည့် သန့်စင်ခန်းပါသည်။

ကားဖြင့် ခရီးသွားသည့်အခါ ယာဉ်ရပ်နားရန်နေရာမရောက်ခင် အပေါ့အပါးကိစ္စအတွက် ပူပင်နေရသည့် ဆွေမျိုးမိတ်သင်္ဂဟများ၏ ပြောစကားများကို ကြားသိနေရသည့်အတွက် ရထားကြီး စီးကြည့်ပါဟု တိုက်တွန်းမျှဝေချင်ပါသည်။ ကျန်းမာရေးအရဖြစ်စေ၊ အသက်အရွယ်အရဖြစ်စေ ပေါ့ပေါ့ပါးပါး သက်သောင့်သက်သာဖြစ်ရန် လိုအပ်သည့် ခရီးသည်များအတွက် အထောက်အကူပြုသည့် လူစီးအမြန်ရထားကြီး ဖြစ်သည်။

DEMU လူစီးအမြန်ရထားကြီးက ရန်ကုန်ဘူတာကြီးသို့ ပုံမှန်ညနေ ငါးနာရီခွဲအချိန်တွင် ရောက်ရှိသည်ဟု သိရသည်။ ရထားတွင် ပထမတန်း လေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်း တွဲဆိုင်းခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်သည်။ လက်မှတ်ခနှုန်းထားများအနေဖြင့် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် ပထမတန်း ကျပ် ၁၈၀၀၀၊ အထက်တန်း ကျပ် ၂၈၀၀၀ ဖြစ်သည်။

ယခုရန်ကုန်ခရီးစဉ်ပါ ကျွန်မတို့အဖွဲ့သည် ရထားစီးရသည်မှာ အေးအေးချမ်းချမ်း သက်သောင့်သက်သာရှိသည့်အတွက် ဘေးပတ်ဝန်းကျင်ကို စတင်လေ့လာကြည့်မိသည်။ ပျဉ်းမနားဘူတာ မလွန်ခင်အထိ ပတ်ဝန်းကျင်သည် ထူးခြားမှုမရှိ။ လူနေရပ်ကွက် အိမ်ခြေများနှင့်သာ။ သို့သော် မြို့ပြနယ်နိမိတ်ကျော်လာသည်နှင့် ရထားပေါ်မှ ပတ်ဝန်းကျင် မြင်ကွင်းသည် ပြောင်းလဲသွားသည်။ အရှိန်ဖြင့် ခုတ်မောင်းနေသော ရထားကြီးနှင့်အတူ ရှမ်းတောင်တန်းကြီးက လိုက်ပါနေသယောင် မြင်ကွင်းက ခရီးဦးကြိုသည်။ အမြန်လမ်းမကြီးနှင့် ရထားလမ်းမကြီးဘေးချင်းဆိုင်သည့်အခါ လမ်းပေါ် သွားလာနေသော ကားကြီး၊ ကားငယ်အသွယ်သွယ်ကိုလည်း တွေ့ရသည်။

### ရထားပေါ်မှ ရှုမျှော်ရသည့် မြင်ကွင်းများက ခရီးသွားများအကြိုက်

အမြန်လမ်းမကြီးပေါ်မှ နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-နေပြည်တော် အကြိမ်ကြိမ် ကျွန်မတို့ သွားရောက်ဖူးပါသည်။ သို့သော် ရထားစီး၍ ခရီးသွားသည့်အခါ ခံစားမှုက အသစ် ဖြစ်သွားသည်။ ရထားပေါ်မှ ရှုမျှော်ရသည့် ပတ်ဝန်းကျင်မြင်ကွင်းများက ခရီးသွားများ အကြိုက်ပင်။

မိုးကောင်းသည့် နှစ်ဖြစ်သည့်အတွက် ပတ်ဝန်းကျင် စိမ်းစိုသာယာမှုကို တွေ့ရသည်။ ချောင်းကန်များကလည်း ရေအပြည့်ပင်။ စပါးခင်းများ၊ သီးနှံစိုက်ခင်းများအတွင်း အလုပ်လုပ်ရင်း အမြန်ရထားကြီး မြင်သည့်အခါ ခဏနားကာ လက်ပြဝှေ့ယမ်းနှုတ်ဆက်ကြသူများကို မြင်ရသည့်အခါ ခင်မင်တတ်သည့်၊ နွေးထွေးပျူငှာသည့် မြန်မာ့ဓလေ့ကို ခံစားရသည်။ အေးချမ်းမှုကို ခံစားရသည်။ ရထားစီးရင်း တောတန်း၊ တောင်တန်း၊ ရွာစဉ်ရွာဆက်၊ မြို့ပြလူနေမှုများကို ကြည့်ရှုလေ့လာနိုင်သည်။

စိတ်ပင်ပန်း၊ လူပင်ပန်းသည့်အခါ DEMU ရထားကြီးစီး၍ အပန်းဖြေခရီးသွားလာ လည်ပတ်နိုင်သည်။ နေ့စဉ် နံနက် ၆ နာရီတိုင်း ရန်ကုန်မှ နေပြည်တော်သို့ DEMU လူစီးအမြန်ရထားထွက်သည်။ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်သို့ ရောက်သည်။ ရန်ကုန်မှ နေပြည်တော်၊ နေပြည်တော်မှ ရန်ကုန် ခရီးစဉ်ကို ဥဒဟိုရထားစီးပြီးသွားလာနိုင်နေပြီဖြစ်သည်။

DEMU ရထားက နိုင်ငံတကာအဆင့်မီ လူစီးအမြန်ရထားဖြစ်သည်။ ယခင် RBE ရထားများထက် အဆင့်မြင့်သည်၊ စနစ်ကောင်းသည်။ လူစီးအမြန်ရထားဖြစ်သည့်အတွက် ဘူတာစဉ်တိုင်း ရပ်တန့်ခြင်း မရှိပေ။ တံခါးစနစ်များသည် စနစ်ကျလုံခြုံသည့် အလိုအလျောက် အဖွင့်အပိတ်စနစ်များဖြစ်သည်။ ရပ်တန့်ရမည့် ဘူတာစဉ်တွင် ရပ်တန့်သည့်အခါ သုံးမိနစ်သာ တိတိကျကျရပ်တန့်သည်။ ထို့ကြောင့် ဘူတာစဉ်တွင် လမ်းတက်ခရီးသည်များ သွက်သွက်လက်လက် နေရာယူရသည်။ ယခင် RBE ရထားများ အသုံးပြုသလို ခရီးသည်များကို လိုက်ပါပို့ဆောင်သူများ အချိန်ယူပို့ဆောင်နှုတ်ဆက်၍ မရပေ။

ထို့ကြောင့်ရထားပေါ်လိုက်ပါတာဝန်ထမ်းဆောင်ကြသည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများက ဘူတာစဉ် ဆိုက်ရောက်တိုင်း အသိပေးကြသည်၊ လိုက်ပါပို့ဆောင်သူများကို သတိပေးကြသည်။ ထိုအကြောင်းကို ရထားလက်မှတ်စစ်တာဝန်ကျ ဦးလေးကို ကျွန်မတို့အဖွဲ့ မေးမြန်းစေ့ငုမိသည်။ ခရီးသည် လိုက်ပါပို့ဆောင်သူများ ရပ်တန့်ချိန် သုံးမိနစ်အတွင်း

စာမျက်နှာ ၇ သို့

❖ DEMU ရထားက နိုင်ငံတကာအဆင့်မီ လူစီးအမြန်ရထားဖြစ်သည်။ ယခင် RBE ရထားများထက် အဆင့်မြင့်သည်၊ စနစ်ကောင်းသည်။ လူစီးအမြန်ရထားဖြစ်သည့်အတွက် ဘူတာစဉ်တိုင်း ရပ်တန့်ခြင်းမရှိပေ။ တံခါးစနစ်များသည် စနစ်ကျလုံခြုံသည့် အလိုအလျောက် အဖွင့်အပိတ် စနစ်များဖြစ်သည်။ ရပ်တန့်ရမည့်ဘူတာစဉ်တွင် ရပ်တန့်သည့်အခါ သုံးမိနစ်သာ တိတိကျကျရပ်တန့်သည်။ ထို့ကြောင့် ဘူတာစဉ်တွင် လမ်းတက်ခရီးသည်များ သွက်သွက်လက်လက် နေရာယူရသည်






## DEMU အမြန်ရထား

နေပြည်တော် ဘူတာကြီးမှ မထွက်ခွာမီ DEMU လူစီးအမြန်ရထားကို တွဲထိန်းဝန်ထမ်းများ နှင့်အတူ တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

ပြန်လည်မဆင်းနိုင်သည့်အတွက် ရထားပေါ်ကျန်ရစ်သည့်ဖြစ်စဉ် ဖြစ်တတ်လွန်းသည့်အတွက် ခရီးသည်များ အလုပ်ပိုမည်စိုး၍ စေတနာထား သတိပေး၊ အသိပေးနေရသည့် အကြောင်းရင်းကို သိရှိခဲ့ရသည်။ ရထားစီးခရီးသည်များ ပျူငှာနွေးထွေးသည့် မြန်မာ့အလေ့အထကို DEMU ရထားအတက်အဆင်း၌ သတိချပ်ပါဟု ဆိုရမည်ဖြစ်သည်။

### ခရီးသွားပြည်သူများသည် နိုင်ငံကြီးသားအသိ အစဉ်ရှိကြရမည်

ထို့ပြင် ခရီးသွားပြည်သူများသည် ပြည်သူ တစ်ဦးချင်းအလိုက် သန့်ရှင်းမှုအတွက်၊ လုံခြုံမှု အတွက်၊ ပြည်သူပိုင်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရန် အတွက် စည်းကမ်းများကို လိုက်နာရန် လိုအပ်သည်။ နိုင်ငံတကာအဆင့်မီမီ ပြည်သူများ ဆက်သွယ်သွားလာနိုင်ရန် နိုင်ငံ့ဘဏ္ဍာငွေ များစွာအသုံးပြုထားရသည့် ရထားလမ်းပိုင်းများဖြစ်သည့်အတွက် နိုင်ငံကြီးသား အသိက အစဉ်ရှိကြရမည်ဖြစ်သည်။ ရထားလမ်းပိုင်းများအပေါ် တရားမဝင် ဖြတ်သန်းသွားလာခြင်း၊ တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊ အမှိုက်ပစ်ခြင်း စသည်တို့အပါအဝင် ဆင်ခြင်လိုက်နာရမည့် စည်းကမ်းများစွာ ရှိသည်။

မြန်မာ့မီးရထားမှ ဝန်ထမ်းများက စေတနာရှေ့ထား တာဝန်ထမ်းဆောင်ကြပါသည်။ ခေတ်မီရထားသစ်ကြီးဖြင့် ခရီးသည်များ သက်သောင့်သက်သာ၊ အေးချမ်းစွာ လိုရာခရီးသွားနိုင်ရန် ကူညီပေးကြသည်၊ စေတနာထား၍ ဝန်ဆောင်မှုပေးကြသည်။ ကွမ်းစားသည့် ခရီးသည်များ၊ အလွယ်တကူ အမှိုက်ပစ်တတ်သူများကြောင့် ရထားကြီး၏ သန့်ရှင်းမှု မလျော့ကျရန်၊ အနံ့ပြင်းသည့် အစားအသောက်များကြောင့် ခရီးသည်အချင်းချင်း အနှောင့်အယှက်မဖြစ်စေရေး သယ်ဆောင်ခြင်းမပြုရန်၊ အေးချမ်းလုံခြုံစွာလိုရာ ခရီးသွားနိုင်ရန် ခရီးစဉ်တစ်လျှောက်လုံး ဂရုပြုပေးကြသည်။

ရထားလမ်းပိုင်းများအပေါ်တွင် မြန်မာ့မီးရထားမှ အမျိုးသားဝန်ထမ်းများဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးကြသည်။ သို့သော် DEMU ရထားကြီးပေါ်တွင် ပြည်သူများက လေယာဉ်မယ်ကဲ့သို့ နာမည်လှလှ ခေါ်ဆိုသည့် ရထားမယ် သို့မဟုတ် မြန်မာ့မီးရထားမှ တွဲထိန်းတာဝန်ထမ်းဆောင်သည့် အမျိုးသမီးဝန်ထမ်းများကို တာဝန်ပေးမှုအသစ်အဖြစ် တွေ့ရှိရသည်။ ရထားပေါ်ရှိ မြန်မာ့မီးရထားမှ အမျိုးသား၊ အမျိုးသမီးဝန်ထမ်းအားလုံးက ရထားပေါ်တွင် အမှိုက်များမရှိစေရေး လိုက်လံသိမ်းဆည်းပေးကြသည်။ ခရီးသည်များအတွက် အဆာပြေမုန့်၊ ရေတို့ အလွယ်တကူ စားသောက်နိုင်ရန် ဝန်ဆောင်မှုပေး ရောင်းချပေးကြသည်။

### ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ထားသည့်အတွက် ငြိမ့်ငြိမ့်ညောင်းညောင်းရှိလှ

ရထားစီးပြည်သူများက ရထားစီးရသည်မှာ အေးအေးချမ်းချမ်း သက်သောင့်သက်သာရှိသည့်အပြင် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ထားသည့်အတွက် ငြိမ့်ငြိမ့်ညောင်းညောင်း ရှိလှသည်။ လုံခြုံအေးဆေးသည့်အတွက် ပတ်ဝန်းကျင်ကို မလေ့လာတော့ဘဲ တရေးတမော အိပ်ပျော်သွားကြသူများလည်းရှိသည်။ စာအုပ်စာပေ အေးအေးလူလူ ဖတ်သူများလည်း ရှိသည်။ ဖုန်းသုံးစွဲရင်း အပန်းဖြေသူများလည်း ရှိသည်။ ကျွန်မတို့အဖွဲ့ကဲ့သို့ DEMU ရထားကြီးကို စူးစမ်းလေ့လာလိုသူများလည်း ရှိသည်။ ကျွန်မတို့အဖွဲ့အနီးမှ ခရီးသွားဖော် ဦးလေးက ဘူတာစဉ်ရပ်တန့်ချိန်တိုင်း ရပ်တန့်ချိန် သုံးမိနစ်ဟုတ်မဟုတ်ကို ဖုန်းဖြင့် အချိန်မှတ်ကြည့်နေသည်ကို တွေ့ရသည်။ ယခုခရီးသည် ခရီးသွားဖော် ဦးလေး၏ ရန်ကုန်အပြန်ခရီးဖြစ်သည်။

ခရီးသွားဖော် ဦးလေးသည် ရန်ကုန်မှ နံနက် ၆ နာရီထွက်၊ နေပြည်တော်သို့ ၁၁ နာရီခွဲရောက်၊ ထိုမှတစ်ဆင့် မန္တလေးအထိ ခရီးဆက်ခဲ့ပြီး မန္တလေးမှ ပြန်လာခြင်းဖြစ်သည်။ ရထားစီးခရီးသွားများက ရန်ကုန်-မန္တလေးနှင့် မန္တလေး-ရန်ကုန်ခရီးစဉ် အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပါသည်။

ခရီးစဉ်မှာ အမှတ် (၇) အဆန် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားက နံနက် ၆ နာရီတွင် ရန်ကုန်ဘူတာမှ စတင်ထွက်ခွာရာ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၇)အဆန် လေအိတ်ရထားက မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ အမှတ် (၂၈) အစုန် လေအိတ်ရထားက နံနက် ၆ နာရီတွင် မန္တလေးဘူတာမှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ကာ အမှတ် (၈) အစုန်လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားက မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ ရန်ကုန်ဘူတာသို့ ထွက်ခွာလျက်ရှိသည်။


ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည့် DEMU လူစီးအမြန်ရထားကို တွေ့ရစဉ်။

### လက်မှတ်များကို အွန်လိုင်းစနစ်ဖြင့် ရောင်းချသွားရန် စီမံဆောင်ရွက်လျက်ရှိ

ခရီးစဉ်အတွက် ပထမတန်း ကျပ် ၂၆၀၀၀၊ အထက်တန်း ကျပ် ၃၉၀၀၀ ဖြစ်သည်။ လက်မှတ်များကို မြန်မာ့မီးရထားမှ သုံးရက် ကြိုတင်ရောင်းချပေးလျက်ရှိသည်။ မန္တလေး- နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် အမှတ် (၂၇) အဆန်/(၂၈) အစုန် လေအိတ်ရထားတွင် ရိုးရိုးတန်း ကျပ် ၇၀၀၀၊ အထက်တန်း ကျပ် ၁၁၀၀၀ ဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချသွားရန်လည်း မြန်မာ့မီးရထားမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိခဲ့ရသည်။

ကျွန်မတို့ လိုက်ပါလာသည့် DEMU လူစီးအမြန်ရထားကြီးက နေပြည်တော်မှ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ပဲခူး၊ တိုးကြောင်ကလေး စသည့် ဘူတာစဉ်များကို ဖြတ်သန်းကျော်လွန်ပြီး ရန်ကုန်ဘူတာကြီးသို့ ညနေ ၅ နာရီခွဲတွင် အချိန်မှန်ဆိုက်ရောက်ခဲ့သည်။ အေးချမ်းလုံခြုံစွာဖြင့် နေပြည်တော်-ရန်ကုန် ခရီးစဉ်က အဆင်ပြေချောမွေ့ခဲ့သည်။ အပြန်ခရီးကိုလည်း DEMU စီး၍ ကျွန်မတို့ ပြန်ပါဦးမည်။ ထို့ကြောင့် ခရီးသွားပြည်သူများအနေဖြင့် မြန်မာ့မီးရထား၏ DEMU ခေတ်မီလူစီးရထားစီး၍ ခရီးလမ်းပန်း သက်သောင့်သက်သာ အဆင်ပြေပြေ သွားလာနိုင်ကြောင်းကို ခရီးသွားအတွေ့အကြုံမှတစ်ဆင့် မျှဝေရေးသားဖော်ပြလိုက်ရပါသည်။ ။



နေပြည်တော်ဘူတာကြီး၌ ရပ်နားထားသည့် DEMU လူစီးအမြန်ရထား။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် ဦးချစ်ဆွေ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးချစ်ဆွေတို့သည် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့ဖြင့် အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေသော လုပ်ငန်းများဖြစ်ကြသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပို့ကုန်လုပ်ငန်းနှင့် သွင်းကုန်လုပ်ငန်းများကို X-Ray စက်ဖြင့် စစ်ဆေးခြင်း၊ တားဆီး ဖမ်းဆီးပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်း



ဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေတို့က ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MOFCOM ပညာသင်ဆုများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြု နိုင်ငံအတွက် သစ္စာရှိရှိနှင့် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသူများ ဖြစ်လာစေရေးကြိုးစားအားထုတ်

**နေပြည်တော် ဩဂုတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အသင်းက ကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာ-၂၀၂၅ ဖွင့်ပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (Ministry of Commerce-MOFCOM) ပညာသင်ဆု ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပသည်။




ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက မြန်မာနိုင်ငံရှိ တရုတ်လုပ်ငန်းရှင်များအသင်း (CECCM) အနေဖြင့် တရုတ်စီးပွားရေး လုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာ-၂၀၂၅ ထုတ်ပြန်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာသည် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေနပ်ဖွယ်ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာ လိုအပ်ချက်များအရ လူမှုအသိုင်းအဝိုင်းအတွက် အထောက်အပံ့ကောင်းများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေး လုပ်ငန်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိပ္ပာယ်ပြည့်ဝသော ပံ့ပိုးကူညီမှုများ ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Liu Ming က အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက တရုတ်စီးပွားရေးလုပ်ငန်းများ၏ ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အသင်းမှဆောက်လုပ် လှူဒါန်းသော စစ်ကိုင်းမြို့ရှိ ရွှေမင်းဝန်ဈေးသစ်စီမံကိန်းကို လွှဲပြောင်းပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce-MOFCOM) က ကြီးမှူးပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ပညာသင်ဆုပေးအပ်ပွဲသို့ တက်ရောက်သည်။

ပညာသင်ဆု ပေးအပ်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက MOFCOM ပညာသင်ဆုများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်သည့် MOFCOM ပညာသင်ဆုများသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် များစွာ အထောက်အကူပြုစေပါကြောင်း၊ အရည်အချင်းပြည့်မီပြီး ပညာသင်ဆု ရွေးချယ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများကို ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter) ချီးမြှင့်သည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်းသည် ပြည်သူ့ဝန်ဆောင်မှုများတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ပညာသင်ကာလ ပြီးဆုံးပါက လေ့လာဆည်းပူးခဲ့သည့် အသိပညာ ဗဟုသုတများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးပြုရန်နှင့် နိုင်ငံအတွက် သစ္စာရှိရှိနှင့် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များဖြစ်လာစေရေးကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တရုတ်သံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter) များကို ပညာတော်သင်ဆု ရွေးချယ်ခြင်းခံရသည့် အရာထမ်း၊ အမှုထမ်းများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)သို့ ASEAN-China Centre မှ အတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၂၄**

တရုတ် - အာဆီယံစင်တာ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun နှင့်အဖွဲ့သည် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ရုံး၌ ယနေ့နံနက်ပိုင်းက လာရောက်ကာ ဥက္ကဋ္ဌဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား တွေ့ဆုံ၍ ချစ်ကြည်ရေး၊ ပညာရေး၊ လူမှုရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ညှိနှိုင်း ဆွေးနွေးကြရာတွင် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှုများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အာရှဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်ရှေ့လုပ်ငန်းစဉ်များ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ချစ်ကြည်ရေးအသင်းမှ တစ်ဆင့်လည်း ခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး နည်းပညာများ ပူးပေါင်းဖလှယ် ဆောင်ရွက်ရေး၊ သဘာဝဘေးဒဏ်သင့် ကယ်ဆယ်ရေးလိုအပ်သော နေရာဒေသများ ရေရှည်ထူထောင် ကူညီဆောင်ရွက်ပံ့ပိုးရေးအတွက် သတင်းအချက်အလက်များ ရရှိရေး၊ ဆက်လက်ကူညီဖြည့်ဆည်းရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များ ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက် ဒေသတည်ငြိမ်အေးချမ်းမှုကိုကြည့်ရှုပြီး ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို အားပေးနှုတ်ဆက်

**လွိုင်ကော် ဩဂုတ် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်၍ ဒေသတည်ငြိမ်အေးချမ်းမှု အခြေအနေများကို ကြည့်ရှုပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဟဲဟိုးမြို့မှ ကြိုဆိုနှုတ်ဆက်သည်။

**လှိုက်လှဲစွာကြိုဆို**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ဆက်လက်ထွက်ခွာရာ လွိုင်ကော်မြို့အဝင်၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ပြည်ထောင်စု ဝန်ကြီးနှင့် ကယားပြည်နယ် ဝန်ကြီးချုပ်တို့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့ရှိ တန်ခိုးကြီးတောင်ကွဲစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၌ ဝန်ထမ်းများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များအား လွိုင်ကော်မြို့အဝင်၌ ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုကြစဉ်။



လွိုင်ကော်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

**ဖျော်ဖြေတင်ဆက်**

ညပိုင်းတွင် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဉ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**ဂုဏ်ပြုဆုငွေများချီးမြှင့်**

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**

---

# ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၌ ဒုတိယဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

ဗီယက်နမ်နိုင်ငံတွင် ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Hotel Max ရှိ ပြည်ခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ချုပ်အမှုဆောင်များ၊ ကလပ်အသင်းပိုင်ရှင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဂုဏ်ပြုပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများအား မိတ်ဆက်၍ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၏ပွဲစဉ်တစ်လျှောက်ယှဉ်ပြိုင်ခဲ့မှု ရုပ်သံမှတ်တမ်းအား ကြည့်ရှုအားပေးပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေဖြင့် ဒုတိယဆုရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာ ရောက်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင်အားကစားသမားများအားလုံး၏ ကြိုးပမ်းမှု ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေး လုပ်ငန်းများကို တွန်းအားပေးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး ယခုလို အောင်မြင်မှုရရှိကြသည့် အားကစားသမားများကိုနိုင်ငံတော်အနေဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြု ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း မြန်မာအမျိုးသမီးဘောလုံးအသင်း အောင်မြင်မှု ချန်ပီယံဆုရယူပြီး ထိုင်းနိုင်ငံတွင် နိုင်ငံတော်သီချင်းနှင့်အတူ အမိမြန်မာနိုင်ငံတော်၏ အလံကို အလံတိုင်ထိပ်အထိ လွှင့်ထူနိုင်အောင်ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ယခုထက်ပိုမိုရရှိပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကာ အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။




**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပေးပို့ချီးမြှင့်သော အမေရိကန်ဒေါ်လာ ၈၀၀၀၀ အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ချီးမြှင့်ရာ နည်းပြချုပ်နှင့် ကစားသမားများက လက်ခံရယူခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အလှူရှင်များက မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးချီးမြှင့်ပေးခဲ့သော အလှူရှင်များ၏ ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်း ၈၆၃၀၀၀၀၀၀ အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ချီးမြှင့်ပေးအပ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှ လက်ခံရယူခဲ့သည်။

ထို့နောက် ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးဆုရ ဝင်းသိင်္ဂီထွန်းကလည်း Video Clip ဖြင့် ကျေးဇူးတင်စကား ပြောကြားကြပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကိုယ်စား အသင်းခေါင်းဆောင် ခင်မာလာထွန်းက ကျေးဇူးတင်စကား ပြောကြားပြီး တက်ရောက်လာသူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သွယ်မှုလိုငွေနှင့် သက်ရောက်မှု

စောနိုင် (အသုံးချဘောဂဗေဒ)

ကုန်သွယ်မှု ပိုမိုထွန်းကားလာသော ယနေ့ကမ္ဘာတွင် ထုတ်လုပ်မှုကဏ္ဍ အားနည်းသော၊ ပို့ကုန်ကဏ္ဍဖွံ့ဖြိုးမှုမရှိသော နိုင်ငံတို့၏ ကုန်သွယ်မှုရှင်းတမ်းမှာ အမြဲတမ်းလိုလို လိုငွေပြနေပါသည်။ ကုန်သွယ်မှုလိုငွေအခြေအနေသည် အဆိုပါနိုင်ငံများအပေါ် မည်သို့သက်ရောက်စေသနည်း။ ပညာရှင်များ၊ သုတေသီများ၏ သုံးသပ်ချက်များစွာထဲမှ ကုန်သွယ်မှုလိုငွေပြမှုနှင့် နိုင်ငံ၏ ပြည်တွင်းသုံးငွေတန်ဖိုး၊ ပို့ကုန်များ၏ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့ကြား မည်သို့မည်ပုံဆက်စပ်မှုရှိနေသည်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

- ❏ **ကုန်သွယ်မှုလိုငွေဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများတွင် ပို့ကုန်ကဏ္ဍအထောက်အကူဖြစ်စေသည့် ပို့ကုန်ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိလာနိုင်မည်ဖြစ်သဖြင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးမှုကို အကျိုးရှိရှိဖြစ်ထွန်းစေရန် အချိန်ယူ၍ ထိထိရောက်ရောက် ဆောင်ရွက်သင့်သည်ဟု ပညာရှင်များက ထောက်ပြ**
- ❏ **သုတေသီအချို့၏ တွေ့ရှိချက်များအရမူ ကုန်သွယ်မှုနှင့် FDI စီးဝင်မှုတို့မှာ အခြေအနေတစ်ရပ်၌ ဆက်စပ်မှုရှိနေနိုင်သော်လည်း နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု၊ FDI လုပ်ငန်း အမျိုးအစားများအပေါ် မူတည်၍ ဆက်စပ်မှုအမျိုးမျိုးဖြစ်နိုင်သည်ဟု ကောက်ချက်ချကြ**

### ကုန်သွယ်မှုလိုငွေကြောင့် ပြည်တွင်းသုံးငွေတန်ဖိုးကို ကျဆင်းစေသည်

နိုင်ငံတစ်နိုင်ငံ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်သည့်အခါ ပို့ကုန်မှရရှိသော နိုင်ငံခြားငွေပမာဏ နည်းပါးနေပြီး သွင်းကုန်အတွက်ပေးရသည့် နိုင်ငံခြားငွေပမာဏ များပြားနေတတ်ပါသည်။ ရရှိသည့်နိုင်ငံခြားငွေပမာဏသည် ပေးရသည့် နိုင်ငံခြားငွေပမာဏထက် လျော့နည်းသဖြင့် လိုငွေပြခြင်းဖြစ်သည်။ ထိုအခြေအနေတွင် နိုင်ငံအတွင်းမှ နိုင်ငံခြားငွေများ ပိုမိုစီးထွက်သွားသည်။ ပြည်တွင်း၌ နိုင်ငံခြားငွေပမာဏနည်းပါးနေသဖြင့် နိုင်ငံခြားငွေကြေးနှင့် ပြည်တွင်းသုံးငွေကြေးလဲလှယ်သည့်အခါ ပြည်တွင်းသုံးငွေပမာဏပိုမိုပေးရပြီး ပြည်တွင်းသုံးငွေ၏ တန်ဖိုးမှာလည်း နိုင်ငံခြားငွေတန်ဖိုးနှင့်ယှဉ်ပါက ကျဆင်းသွား၏။

ပြည်တွင်းသုံးငွေ တန်ဖိုးကျဆင်းမှုသည် ပြည်တွင်းသုံး ငွေကြေး၏ ဝယ်နိုင်စွမ်းအား ထိခိုက်စေသည်။ ပြည်တွင်းသုံးငွေဖြင့် ဝယ်ယူနိုင်သည့် ကုန်ပစ္စည်းပမာဏ ယခင်ကထက် လျော့နည်းသွားခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်တွင်းကုန်ပစ္စည်းဈေးနှုန်းများ ယခင်ကထက် ပိုမိုမြင့်တက်လာသည်။ အထူးသဖြင့် သွင်းကုန်ဈေးနှုန်းများ၊ သွင်းကုန်အခြေပြု ပြည်တွင်းထုတ်ကုန်ဈေးနှုန်းများ ပို၍ကြီးမြင့်လာသည်။ ထို့ကြောင့် သွင်းကုန်မှီခိုမှုအားများသော နိုင်ငံများရှိ စားသုံးသူများအပေါ် ကုန်ဈေးနှုန်းဝန်ထုပ်ပို၍ပိလာသည်။

နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းမှုကိုဖြစ်စေသည့် အကြောင်းတရားများစွာရှိပြီး ၎င်းတို့အထဲတွင် ကုန်သွယ်မှုလိုငွေသည် အကြောင်းတစ်ရပ်မျှသာဖြစ်သည်။ သို့ရာတွင် သွင်းကုန်မှီခိုမှုအားကြီးသည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းစေသည့်အကြောင်းများထဲတွင် ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်မှုသည် အဓိကအကြောင်းတရားထဲတွင် ပါဝင်သည်ကို သတိပြုသင့်ပါသည်။

### ကုန်သွယ်မှုလိုငွေသည် နိုင်ငံ၏ ပို့ကုန်ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်းကို မြင့်မားလာစေနိုင်သည်

ကုန်သွယ်မှုလိုငွေကြောင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်စေနိုင်သည်ဟုဆိုလျှင် စီးပွားရေးပညာနှင့် မရင်းနှီးသောသူများအတွက် စဉ်းစားစရာဖြစ်လာနိုင်သည်။ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ပို့ကုန်ဈေးကွက်ဝေစုမြင့်မားရေးအတွက် အခြေအနေပေးလာခြင်းဖြစ်သည်။

ကုန်သွယ်မှုလိုငွေပြမှုကြောင့် နိုင်ငံခြားငွေကြေးနှင့် နှိုင်းယှဉ်လျှင် ပြည်တွင်းသုံးငွေတန်ဖိုးကျဆင်းလာမည်။ နိုင်ငံခြားငွေနှင့် ပြည်တွင်းငွေလဲလှယ်ရေး(နိုင်ငံခြားငွေလဲနှုန်း) တွင် နိုင်ငံခြားငွေကြေးတစ်ယူနစ်ရရှိရန် ပေးရမည့် ပြည်တွင်းငွေကြေးပမာဏ များလာသည်။ ထိုအခြေအနေသည် နိုင်ငံခြားငွေဈေးမြင့်တက်ခြင်း (ပြည်တွင်းငွေလဲနှုန်း မြင့်တက်နေခြင်း) ဖြစ်ပြီး ပြည်တွင်း၌ ကုန်စည်ဈေးနှုန်းများ ကြီးမြင့်လာနိုင်သည်။ အထူးသဖြင့် သွင်းကုန်များ၊ သွင်းကုန်အခြေပြု ထုတ်ကုန်များ သိသိသာသာဈေးနှုန်းမြင့်တက်လာနိုင်သည်။ သို့သော် အဆိုပါ နိုင်ငံ၏ နိုင်ငံခြားပို့ကုန် ဈေးနှုန်းများ ကျဆင်းလာလိမ့်မည်။ နိုင်ငံရပ်ခြားစားသုံးသူများအတွက် ဈေးနှုန်းသက်သာရာရစေ၏။ ဥပမာအားဖြင့် မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း ဒေါ်လာနှင့် ကျပ်ငွေလဲနှုန်း ကျပ် ၂၀၀၀ ဖြစ်နေရာမှ ကျပ် ၃၀၀၀ သို့မြင့်တက်လာသည်ဆိုပါစို့။ တစ်ဒေါ်လာတန် သွင်းကုန်ပစ္စည်းကို ပြည်တွင်း၌ ယခင် ကျပ်၂၀၀၀ ဖြင့်ဝယ်ယူနိုင်ရာမှ ကျပ် ၃၀၀၀ ဈေးနှုန်း အမြင့်ဖြင့် ဝယ်ယူကြရလိမ့်မည်။ ပြည်တွင်း၌ သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာမည်။

ပို့ကုန်ကဏ္ဍမှကြည့်လျှင် ပြောင်းပြန်သက်ရောက်မှုကို တွေ့ရလိမ့်မည်။ ယခင်က ကျပ် ၂၀၀၀ တန် ကုန်ပစ္စည်းတစ်ခုတင်ပို့မှုအတွက် တစ်ဒေါ်လာရနေရာမှ (ငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၃၀၀၀ မြင့်တက်လာသဖြင့်) ယခုအချိန်တွင် တစ်ဒေါ်လာအပြည့်မရနိုင်၊ တစ်ဒေါ်လာအောက် ငွေပမာဏသာ ရရှိတော့မည်။ နိုင်ငံရပ်ခြားစားသုံးသူများအတွက် ယခင်ကထက်ပို၍ ဈေးနှုန်းသက်သာလာသဖြင့် ပို့ကုန်ဝယ်လိုအားမှာ ယခင်ကထက် ပိုမိုမြင့်တက်လာနိုင်သည်။ (ပို့ကုန်သမားများအနေဖြင့် နိုင်ငံရပ်ခြား ပို့ကုန်ဈေးကွက်မှ မြင့်တက်လာသည့် ဝယ်လိုအားပမာဏကို အမီလိုက်၍ ထုတ်လုပ်နိုင်ရန်လိုသည်။) ထိုသို့ နိုင်ငံရပ်ခြားသို့ တင်ပို့မည့်ကုန်စည် (ပို့ကုန်) များ ဈေးနှုန်းကျဆင်းလာခြင်းကို နိုင်ငံတကာဈေးကွက်အတွင်း ပို့ကုန်ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်လာခြင်းဟု ဆိုသည်။

ထို့ကြောင့် ပြည်တွင်းသုံးငွေတန်ဖိုး ကျဆင်းနေသည့် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံခြားမှဝယ်ယူရသည့် သွင်းကုန်ဈေးနှုန်းများ ကြီးမြင့်လာနိုင်ပြီး အဆိုပါနိုင်ငံမှ နိုင်ငံခြားသို့တင်ပို့ရောင်းချသည့် ပို့ကုန်ပစ္စည်း ဈေးနှုန်းများကျဆင်းလာနိုင်သည်။ ပို့ကုန်ဈေးနှုန်းများ ကျဆင်း၍ ပို့ကုန်ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်းများ အားကောင်းလာချိန်တွင် မြင့်တက်လာနိုင်သည့် ဈေးကွက်ဝယ်လိုအားပမာဏကို အမီလိုက်၍ ထုတ်လုပ်ပေးနိုင်စွမ်းရှိရန်မှာ အရေးကြီး၏။ အခြားသော ထုတ်ကုန်တူ ပြိုင်ဘက်နိုင်ငံများလည်း ရှိလာနိုင်သဖြင့် ပို၍အရည်အသွေးကောင်းသည့် ထုတ်ကုန်ကို ဈေးနှုန်းသက်သာစွာထုတ်လုပ်ရောင်းချနိုင်ရန်လည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။

ထို့ကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများတွင် ပို့ကုန်ကဏ္ဍ အထောက်အကူဖြစ်စေသည့် ပို့ကုန်ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်း ရှိလာနိုင်မည်ဖြစ်သဖြင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးမှုကို အကျိုးရှိရှိဖြစ်ထွန်းစေရန် အချိန်ယူ၍ ထိထိရောက်ရောက်ဆောင်ရွက်သင့်သည်ဟု ပညာရှင်များက ထောက်ပြကြခြင်းဖြစ်သည်။

### ကုန်သွယ်မှုလိုငွေနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဆက်စပ်မှုရှိသည်

ကုန်သွယ်မှုလိုငွေသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) နှင့် ယေဘုယျအားဖြင့် ဆက်စပ်မှုရှိနိုင်သည်ဟု လေ့လာမှုအချို့ရှိသော်လည်း သိသိသာသာနှင့် ထင်ထင်ရှားရှား ဆက်စပ်မှုမရှိဟုဆိုသူများလည်းရှိသည်။ အဆိုပါအခြေအနေနှစ်ရပ်ကြား ဆက်စပ်မှုနှင့်ပတ်သက်၍ သုတေသီများ၏ စိတ်ဝင်စားစရာကောင်းသော လေ့လာမှုများစွာ မတွေ့ရပေ။ သုတေသီအချို့၏ တွေ့ရှိချက်များအရမူ ကုန်သွယ်မှုနှင့် FDI စီးဝင်မှုတို့မှာ အခြေအနေတစ်ရပ်၌ ဆက်စပ်မှုရှိနေနိုင်သော်လည်း နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု၊ FDI လုပ်ငန်း အမျိုးအစားများအပေါ် မူတည်၍ ဆက်စပ်မှုအမျိုးမျိုးဖြစ်နိုင်သည်ဟု ကောက်ချက်ချကြသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) ပြုလုပ်သူများအနေဖြင့် ၎င်းတို့ရင်းနှီးမြှုပ်နှံမည့် နိုင်ငံများ၏ အခြေအနေအရပ်ရပ်ကို အလေးအနက်ထား စောင့်ကြည့်လေ့လာတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် FDI ( စာချုပ်စာတမ်းများ အသုံးပြု ရင်းနှီးမြှုပ်နှံရသည့် ပေ့ါဖိုလီယိုရင်းနှီးမြှုပ်နှံမှုများနှင့်ယှဉ်ပါက) ရင်းနှီးမြှုပ်နှံသူများအတွက် ဆုံးဖြတ်ချက် အပြောင်းအလဲလုပ်ရာတွင် ခက်ခဲမှုရှိသောကြောင့်ပင်။ ဆိုလိုသည်မှာ ၎င်းတို့ FDI ပြုလုပ်ထားသည့်နိုင်ငံမှ အခြေအနေအရ ပြန်လည်ထွက်ခွာချင်သည့်အခါ အလွယ်တကူ၊ မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်ရန် မဖြစ်နိုင်သောကြောင့်ဖြစ်သည်။

FDI ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတွင်းရှိ သွင်းအားစုမျိုးစုံတို့၏ ကုန်ကျစရိတ်အခြေအနေများ၊ အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှု ရှိ/ မရှိ၊ ပြည်တွင်းဈေးကွက်အလားအလာ၊ သဘာဝသယံဇာတနှင့် နည်းပညာပိုင်ဆိုင်မှု၊ မိမိနှင့်ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ အနေအထား၊ အမြတ်အစွန်းစီမံခန့်ခွဲနိုင်မှု၊ အလွယ်တကူ ဝင်ထွက်နိုင်မှု စသည့်အခြေအနေများ၊ အစိုးရကျင့်သုံးနေသည့်ဆက်စပ်မူဝါဒများ၊ နိုင်ငံတွင်းရှိ လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကိုပါ အကဲဖြတ်လေ့လာတတ်ကြသည်။ စီးပွားရေးပိတ်ဆို့ခြင်းခံထားရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်နေပါက စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့ပေးနိုင်ခြေများနှင့် ပြည်တွင်းရှိ အင်စတီကျူးရှင်းများ၏ အခြေအနေများကို ထည့်သွင်းစဉ်းစားတတ်ကြသည်။

### သုံးသပ်ချက်

ကုန်သွယ်မှုလိုငွေ၏ သေချာသောသက်ရောက်မှုမှာ နိုင်ငံခြားငွေလဲလှယ်ရာတွင် ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းလာခြင်းဖြစ်သည်။ ပြည်တွင်းငွေတန်ဖိုး ကျဆင်းလာလျှင် ပြည်တွင်းကုန်ဈေးနှုန်း မြင့်တက်ကာ ငွေကြေးဖောင်းပွမှုများ ဖြစ်လာနိုင်သည်။ ပြည်တွင်းစားသုံးသူများအပေါ် ကုန်ဈေးနှုန်းဝန်ထုပ်ပိလာနိုင်သည်။ သွင်းကုန်တင်သွင်းသူများ ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်လာရနိုင်သည်။

နိုင်ငံတွင်းမှတင်ပို့သည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာနိုင်သဖြင့် နိုင်ငံတကာ ဈေးကွက်ထဲတွင် ပို့ကုန်ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်းတက်လာနိုင်သည်။ ထိုအခါ ပို့ကုန်များအပေါ် ဝယ်လိုအား မြင့်တက်လာနိုင်ဖွယ်ရှိသောကြောင့် ပို့ကုန်သမားများအတွက် အခြေအနေကောင်းဖြစ်လာနိုင်သည်။ ပို့ကုန်ကဏ္ဍဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ကုန်သွယ်မှုလိုငွေသည် ကြုံတွေ့ရလေ့ရှိသော အခြေအနေတစ်ရပ်ဖြစ်၏။ ကုန်သွယ်မှုလိုငွေပြတိုင်း ပူပန်သောကဖြစ်ရမည့် အခြေအနေမဟုတ်။ ကုန်သွယ်မှုလိုငွေဖြစ်စေသည့် အကြောင်းတရားကို လေ့လာရန်လိုသည်။ သွင်းကုန်များကိုအားပြု၍ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်နေရသဖြင့် ကုန်သွယ်မှုလိုငွေပြခြင်းလည်းဖြစ်နိုင်သဖြင့် အချိန်အတိုင်းအတာတစ်ခုအလွန်တွင် ပို့ကုန်ကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာနိုင်ပါသည်။

သို့သော် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးလာမည့် အလားအလာကိုမမြင်ရဘဲ အချိန်ကာလကြာမြင့်စွာ ကုန်သွယ်မှုလိုငွေပြမှု (Persistent Deficit of Trade Balance) ဆက်တိုက်ဖြစ်နေခဲ့လျှင်သော စိုးရိမ်ရပေလိမ့်မည်။ ကာလရှည် ကုန်သွယ်မှုလိုငွေပြမှုသည် တဖြည်းဖြည်းနှင့် စီးပွားရေးကဏ္ဍများအားလုံးကို တစ်နွယ်ငင် တစ်စင်ပါ ထိခိုက်မှုများရှိလာနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်တွင်းငွေတန်ဖိုးကျဆင်းနေချိန် (နိုင်ငံခြားငွေလဲနှုန်း မြင့်တက်နေချိန်) တွင် ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စနစ်တကျပြင်ဆင်သင့်ပါသည်။ မိမိတို့နိုင်ငံ၏ နှိုင်းယှဉ်အားသာချက်ရှိသော ထုတ်ကုန်သစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရှာဖွေရေး စသဖြင့် ရောင်းလိုအား ကွင်းဆက်တစ်လျှောက်လုံးကို ထိထိရောက်ရောက် ပံ့ပိုးနိုင်ရေး ပြင်ဆင်ခြင်းတို့ကို စီမံချက်ချဆောင်ရွက်သင့်ပါသည်။

ကုန်သွယ်မှုလိုငွေကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်တွင် စိန်ခေါ်မှုနှင့်အတူ အခွင့်အလမ်းများပါတွဲလျက်ရှိနေသဖြင့် စိန်ခေါ်မှုများကိုရင်ဆိုင်ရင်း အခွင့်အလမ်းများကို လက်ဆုပ်လက်ကိုင်ရရှိရေးအတွက် ပို့ကုန်ကဏ္ဍ၏အခြေအနေအရပ်ရပ်ကို လေ့လာအကဲခတ်လျက် ဘက်စုံ၊ ထောင့်စုံ ကဏ္ဍစုံ အချိတ်အဆက်မိမိဖြင့် အချိန်ယူအားထုတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြိတ်ပြည်သူ့ဆေးရုံတွင် ကျောက်ကပ်ရောဂါဝေဒနာရှင် ပြည်သူများနှင့် ကျောက်ကပ်ဆေးရမည့် ဝေဒနာရှင်များ အဘက်ဘက်မှ ဆေးကုသမှုအဆင်ပြေစေရေး မတည်အလှူငွေပေးအပ်

**မြိတ် ဩဂုတ် ၂၄**

ကျောက်ကပ်ရောဂါဝေဒနာရှင် ပြည်သူများနှင့် ကျောက်ကပ်ဆေးရမည့် ဝေဒနာရှင်များ အဘက်ဘက်မှ ဆေးကုသမှုအဆင်ပြေစေရေးအတွက် မတည်အလှူငွေပေးအပ်ပွဲကို ယမန်နေ့က မြိတ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ ခင်ခင်မြင့်က ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့်ဆေးကုသမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်ကပ်သန့်စင်လူနာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၁၀၆၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကာ ခရိုင်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်ကပ်သန့်စင်ဆောင်သို့ သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မြိတ်ပြည်သူ့ဆေးရုံမှ မြိတ်ဒေသဝန်းကျင်တွင်ရှိသည့် ကျောက်ကပ်ရောဂါဝေဒနာရှင် ပြည်သူများနှင့် ကျောက်ကပ်ဆေးရမည့် ဝေဒနာရှင်များကို ကုသပေးနိုင်ရန် ကျောက်ကပ်သွေးသန့်စင်ဆောင်ဆောက်လုပ်၍ ၂၀၂၄ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောက်ကပ်ဝေဒနာရှင်များအား ကျောက်ကပ်ဆေး စက် လေးလုံးဖြင့် ကုသပေးခဲ့ရာ ယနေ့အထိ ဝေဒနာရှင် ၄၀ ကို ကျောက်ကပ်ဆေးပေးသည့် အကြိမ်ရေ ၉၀၀ ဖြင့် ကုသဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကာ လူနာများအတွက် လိုအပ်သောဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့ခြင်း၊ အလှူရှင်များက လှူဒါန်းခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်သန့်စင်လူနာများအား ရေရှည် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ယနေ့လှူဒါန်းငွေများဖြင့် ကျောက်ကပ်သန့်စင်လုပ်ငန်းဖောင်ဒေးရှင်းကို ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာအစည်းအဝေးခန်းမတွင် မြိတ်ခရိုင်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား



ပြောကြားပြီး မြိတ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများအား အခြေခံစားကုန် ဆန်၊ ဆီနှင့် ကြက်ဥများကို ပေးအပ်သည်။

ထို့နောက် သားဖွားသင်တန်းကျောင်း (မြိတ်) သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသူများအတွက် ဆန်များချီးမြှင့်ပေးအပ်၍ **(အပေါ်ပုံ)** သင်တန်းကျောင်းအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကျောင်းပြင်ပ မူလတန်း၊ အလယ်တန်း ပညာရေးသင်ကြားသင်ယူမှုများ ဆောင်ရွက်နေသည့် အလက(၉) ဘုရားကိုင်ကျောင်း သင်ကြားရေးစခန်းသို့ရောက်ရှိပြီး မြို့နယ်အတွင်း ကျောင်းပြင်ပပညာရေး မူလတန်းအဆင့် သင်ကြားရေးစခန်း လေးခုနှင့် အလယ်တန်းအဆင့် သင်ကြားရေးစခန်း တစ်ခုတို့တွင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၇၀ သင်ကြားသင်ယူနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ သင်ထောက်ကူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ပြည်သူအားလုံးအတွက် ဉာဏ်ရည်တုနည်းပညာ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

AI for All 2025 အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park ရှိ Conference Hall ၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ပြည်သူအားလုံးအတွက် ဉာဏ်ရည်တုနည်းပညာ (AI for All) ဆိုသည့်အတိုင်း နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအားလုံး၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် မြှင့်တင်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ဇီဝလုံခြုံရေး စသည့်ကဏ္ဍအားလုံးတို့အတွက် AI ကို ကျယ်ပြန့်အကျိုးရှိစွာ အသုံးချနိုင်စေရေး၊ AI အသုံးပြုမှုမှ မလိုလားအပ်သော ဆိုးကျိုး





အန္တရာယ်များ မဖြစ်ပေါ်စေရေးနှင့် AI နည်းပညာ အရွေ့နှုန်းတို့နှင့်အတူ လိုက်ပါပြီး နိုင်ငံ့အကျိုးအမှန်တကယ်သယ်ပိုးမည့် AI ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးတို့အတွက် Stakeholders အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပရာ ကွန်ပျူတာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပြင်ပကွန်ပျူတာ အဖွဲ့အစည်းများမှ ပညာရှင်များက အမျိုးသားအဆင့် AI နည်းဗျူဟာနှင့် AI မူဝါဒများ (မူကြမ်း)ကို အခြေခံ၍ အမျိုးသားအဆင့် AI လမ်းပြမြေပုံ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ AI ဆိုင်ရာကျင့်ဝတ်များနှင့် အနာဂတ်မြန်မာနိုင်ငံ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာမေးမြန်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ခင်းကျင်းပြသထားသော AI သုတေသန ပြကွက်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေ ပြည်သူများအား ဖြုတ်ခွဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းက တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။**(အောက်ပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့က ကျေးလက်နေပြည်သူ ၂၂၅ ဦးအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျင်နာ ရောဂါများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာနှင့် ကျန်းမာစေကြောင်း နည်းလမ်းကောင်းများ ခေါင်းစဉ်ဖြင့် အသိပညာပေး ရှင်းလင်းပြောကြားကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

## အင်းလေးဒေသ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်

**ညောင်ရွှေ ဩဂုတ် ၂၄**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ ကျန်းမာရေး လုပ်ငန်းစီမံချက်အရ ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း ကွင်းဆင်း ဆေးကုသခြင်းကို ယမန်နေ့က နန်းပန်မြို့ အလိုတော်ပေါက်ဘုရားရှိ ဇေယျသိဒ္ဓိအောင်ဓမ္မာရုံ၌ ဆောင်ရွက်သည်။ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် စဝ်စံထွန်းအထွေထွေရောဂါ ကုဆေးရုံမှ အထူးကု ဆရာဝန်ကြီးများ၊ အမျိုးသမီးနှင့်ကလေးဆေးရုံမှ အထူးကုဆရာဝန်များ၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူ



များ ပါဝင်သော အထူးကုဆေးအဖွဲ့သည်မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ အင်းလေးဒေသကြာတောကျေးရွာမှ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှု လုပ်ငန်း ဆောင်ရွက်ပေးသည်။ အဆိုပါကွင်းဆင်းကုသရာ၌ အထွေထွေရောဂါလူနာ ၁၄၄ ဦး၊ သားဖွားမီးယပ် လူနာ ၁၄ ဦး၊ ကလေးလူနာ ၁၆ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၈ ဦး၊ အရေပြားလူနာ ၃၉ ဦး၊တိုင်းရင်းဆေးလူနာ ၁၀၂ ဦး စုစုပေါင်း လူနာ ၃၃၃ ဦး အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသော (၁၄)ကြိမ်မြောက် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်

**မြစ်ကြီးနား ဩဂုတ် ၂၄**

ကချင်ပြည်နယ် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ (၁၄) ကြိမ်မြောက် အသင်းဝင်များ၏ သားသမီးများအနက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ခြင်းအခမ်းအနားကို မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်အတွင်းရှိ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းနှင့် ဇနီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် ဇနီးတို့ တက်ရောက်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားစာပေယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားဆိုင်ရာ အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ ရခိုင်တိုင်းရင်းသားများအနေဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နေကြသည်ကို တွေ့ရှိရကြောင်း၊ စာပေယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမျိုးဇေယျာမင်းက စာပေနှင့် ယဉ်ကျေးမှုအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အသင်းဝင်သားသမီးများအနက် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုအောင်မြင်ခဲ့သည့်အတွက် ထောက်ပံ့ငွေချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်၍ အဆင့်မြင့်ပညာကို သင်ယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေ ရေမြေဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ၏ ရေမြေဒေသနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် တာဝန်ရှိသူများက နယ်မြေအတွင်း ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ ပျဉ်းမနားမြို့နယ်အတွင်းရှိ ပုဂ္ဂလိက မွေးမြူရေးခြံများတွင် အသားတိုးကြက်များ မွေးမြူထားရှိမှု၊ အသားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုနှင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများ၏ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ပေးနေမှုအခြေအနေကို အသေးစိတ် ရှင်းလင်းပြောကြားပြီး လုပ်ကွက်ငယ် မွေးမြူသူများအား မွေးမြူမှုစနစ်များ၊ အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှုနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေးဆိုင်ရာများ မျှဝေလက်တွဲဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာရှိ ပုဂ္ဂလိက ဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး ဇီဝလုံခြုံရေး၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးရေးနှင့် ကူးစက်ရောဂါများကို မျက်ခြည်မပြတ် စောင့်ကြည့်ကာကွယ်ကြရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပေါင်းလောင်းရေလှောင်တမံ၏ တမံကြံ့ခိုင်မှု၊ ဆည်ရေဝင်ရောက်မှု၊ ရေပိုလွှဲမှ ရေကျော်ကျနေမှုနှင့် စိုက်ပျိုးရေ ပေးဝေနေမှုကိုလည်းကောင်း၊ ရေဆင်းငါး လုပ်ငန်းစခန်းရှိ GAqP Model Farm ၊ မျိုးငါးကန်နှင့် ငါးသားပေါက်ပြုစုကန်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့၌ ဝန်ထမ်းအငြိမ်းစားများအား UID Smart card များ ဆောင်ရွက်ပေးလျက်ရှိ

**ကလေး ဩဂုတ်၂၄**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကလေးမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၂ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ကလေးမြို့နယ်အတွင်းရှိ ဝန်ထမ်းအငြိမ်းစားများအား Biometric data ကောက်ယူ၍ UID Smart card များ ဆောင်ရွက်ပေးသည်။

ကလေးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဝန်ထမ်းအငြိမ်းစားများအား လစာထုတ်ပေးသည့် နေ့ရက်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကလေးမြို့နယ် ဦးစီးမှူးရုံးတို့တွင် ကလေးမြို့နယ်အတွင်းရှိ အငြိမ်းစား ဝန်ထမ်းပေါင်း ၁၄၀၀၀ ကျော်အား UID Smart card နေ့စဉ် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မောက်မယ်မြို့နယ်၌ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မောက်မယ် ဩဂုတ် ၂၄**

မောက်မယ်မြို့နယ် အတွင်း သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကိုနားလည်ချစ်မြတ်နိုးတတ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိများ နိုးကြားရှင်သန်စေရန်နှင့် ရာသီဥတုမျှတစေရန် ရည်ရွယ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် သစ်တောဦးစီးဌာနမှ ယနေ့နံနက် ၈ နာရီတွင် ဟိုလွိုင်ကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်း (ဟိုလွိုင်) ကျောင်းဝင်းအတွင်း၌ ၂၀၂၅ ခုနှစ်အတွက် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။



စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသက်နိုင်နှင့် ကော်မတီဝင်များ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် တက်ရောက်၍ တပျော်တပါး စိုက်ပျိုးကြသည်။ အဆိုပါ စိုက်ပျိုးပွဲတွင် စုစုပေါင်း ပျိုးပင် ၁၅၀စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

# တောင်ငူမြို့နယ်၌ သမဝါယမအသင်းပိုင် ငါးမွေးမြူရေးကန် စွမ်းအားပြည့်မွေးမြူနိုင်ရေးကွင်းဆင်းစစ်ဆေး

**တောင်ငူ ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သမဝါယမဦးစီးဌာနမှ သမဝါယမအသင်းပိုင်ငါးမွေးမြူရေးကန် စွမ်းအားပြည့်မွေးမြူနိုင်ရေးနှင့် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူမြို့နယ်အတွင်းရှိ ပြည်သူများအတွက် ငါးစားသုံးမှုကို အထောက်အကူဖြစ်စေရန် ကေတုမတီ ငါးမွေးမြူရေးကုန်ထုတ်သမဝါယမအသင်း(၁)လီမိတက်မှ အသင်းပိုင်မြေဧရိယာ ၁၄၃ ဒသမ ၂၉ ဧကရှိ ငါးမွေးမြူရေးကန် ၃၅ ကန်အနက်၊ ၂၁ ကန်တွင် ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန် စုစုပေါင်းကောင်ရေ သုံးသိန်းကျော်ခန့် မွေးမြူထားရှိမှု၊ ငါးဆေးထိုးသားဖောက်လုပ်ငန်းမှ ရရှိလာသည့် ငါးသန်ကောင်ရေ ခုနစ်သိန်းအား ထပ်မံ၍ စွမ်းအားပြည့် မွေးမြူထားရှိမှုနှင့် ငါးကန်ပေါင်များတွင် သီးပင်စားပင်စိုက်ပျိုးထားရှိမှုအခြေအနေများကို တောင်ငူမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ နော်ဂျူစီဒေးဗစ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ပဉ္စမနေ့ ပွဲစဉ်များ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကြည့်ရှုအားပေး

**တောင်ကြီး ဩဂုတ် ၂၄**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ ဘက်စုံသုံးပြည်နယ် လေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပရာ အုပ်စု(ဂ)မှ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အုပ်စု(ဂ)ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ) ပွဲစဉ်တွင် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ထီသိမ်ဘူတာသို့ သွားရောက်၍ ထီသိမ်ဘူတာအနီး View Point ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ရာတွင် သစ်ပင်စိုက်ပျိုးထားရှိမှုများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်နှင့် သစ်ပင်မရှိသည့် မြေကွက်လပ်များတွင် စနစ်တကျ နေရာသတ်မှတ် ရွေးချယ်ဆောင်ရွက်ရန်လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြား၍ စိုက်ပျိုးထားသည့်သစ်ပင်များ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် View Point အဝင်လမ်းကို ကြည့်ရှုစစ်ဆေးကာ လမ်းကောင်းမွန်ရေးအတွက် ကားလမ်းမပေါ်နှင့် ကားလမ်းမဘေး ရေဝပ်မှုမရှိစေရေးဆောင်ရွက်ပေးရန်နှင့် သစ်ပင်များကို စဉ်ဆက်မပြတ်စောင့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**

---

## မိုးတိမ်တောင် ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၄**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ် အပိုင်းအခြား (၃) ခု ခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG၊ A3 (297 x 420 mm) with the correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ။ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ်ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG ၊ A3 (297 x 420 mm) with correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil ၊ Felt-tip Pen ၊ Crayons ၊ Paints ၊ Sketch Markers ၊ Sepia ၊ Sanguine၊ Charcoal ၊ Ink ၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်း မပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy CD (၂) ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp 4 ၊ |
| (၂) | Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo ၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်) ကို ရှုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last Name၊ First Name ၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့် ဗီဒီယို (၁၀) ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ဂရိနိုင်ငံ၌ လူဦးရေကျဆင်းမှုပြဿနာနှင့် ရင်ဆိုင်နေရ



**အေသင် ဩဂုတ် ၂၄**

မွေးဖွားနှုန်းကျဆင်းလာခြင်း၊ သက်ကြီးရွယ်အိုဦးရေ များပြားလာခြင်းနှင့် ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်မှု များပြားလာခြင်းတို့ကြောင့် လွန်ခဲ့သည့် ၁၃ နှစ် အတွင်း ဂရိနိုင်ငံ၏ လူဦးရေလေးသိန်းကျော်ကျဆင်း သွားခဲ့ကြောင်း ဂရိမီဒီယာများက ဩဂုတ် ၂၃ ရက် တွင် ဖော်ပြသည်။

တိုဗီမာသတင်းဌာနက သက်ဆဲလ်လီ တက္ကသိုလ်ရှိ လူဦးရေစာရင်းနှင့် လူမှုရေးဆိုင်ရာ သုတေသနဓာတ်ခွဲခန်းမှ သုတေသနပြုချက်ကို ကိုးကားဖော်ပြသည့် သတင်းတစ်ရပ်တွင် ဂရိနိုင်ငံ၌ လာမည့်ဆယ်စုနှစ်များအတွင်း လူဦးရေကျဆင်းမှု သည် ဆက်လက်ရှိနေဦးမည်ဟု ခန့်မှန်းထားပြီး သေဆုံးမှုနှုန်းသည် မွေးဖွားမှုနှုန်းထက် ပိုမိုမြင့်မား နေပြီး သက်ကြီးရွယ်အိုများ၏ အချိုးမှာလည်း တဖြည်းဖြည်းတိုးလာနေကြောင်း ဖော်ပြထားသည်။

ဟယ်လင်းနစ်စာရင်းအင်း အာဏာပိုင်အဖွဲ့၏ အဆိုအရ ၂၀၁၁ ခုနှစ် ဂရိနိုင်ငံလူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းတွင် လူဦးရေ ၁၀၈၁၆၂၈၆ ဦး ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက် တွင် ခန့်မှန်းလူဦးရေ ၁၀၄၀၀၇၂၀ ရှိကြောင်း မှတ်တမ်းတင်ထားသဖြင့် ဆယ်စုနှစ်တစ်ခုအတွင်း လူဦးရေ လေးသိန်းကျော် လျော့ကျသွားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ၂၀၂၃ ခုနှစ်တွင် ဂရိနိုင်ငံ၏ ကလေး မွေးဖွားမှုနှုန်းမှာ ၇၁၃၀၀ သာရှိခဲ့ပြီး ၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များ၏ နှစ်စဉ်ပျမ်းမျှ ကလေးမွေးဖွားမှုနှုန်း ထက် ထက်ဝက်ခန့်သာရှိသည်။ ၁၉၈၀ ပြည့်နှစ် ဝန်းကျင်တွင် မွေးဖွားခဲ့သော အမျိုးသမီးများ၏ ပျမ်းမျှကလေးမွေးဖွားနှုန်းမှာလည်း ၁ ဒသမ ၃ မှ ၁ ဒသမ ၄ ကြားတွင်သာရှိနေပြီး လူဦးရေတည်ငြိမ်ရန် အစားထိုးနှုန်း သိသိသာသာ နိမ့်ကျနေဆဲဖြစ်သည်။ လက်ရှိတွင် ဂရိနိုင်ငံလူဦးရေ၏ ၂၃ ရာခိုင်နှုန်း ခန့်သည် အသက် ၆၅ နှစ်အထက်ဖြစ်နေပြီး သက်ကြီးရွယ်အိုဦးရေသည် ကလေးဦးရေထက် လူဦးရေတစ်သန်းနီးပါးခန့် ပိုများနေသည့် အခြေ အနေတွင် ရှိနေသည်။

လေ့လာမှုအရ ဂရိနိုင်ငံ၏ လူဦးရေကျဆင်းမှု သည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဘဏ္ဍာရေးအကျပ် အတည်းကာလနောက်ပိုင်းတွင် စတင်ခဲ့ကြောင်း၊ ထိုအကျပ်အတည်းကြောင့် နှစ်ပေါင်းများစွာ ဂရိ နိုင်ငံတွင်နေထိုင်ခဲ့သော နိုင်ငံခြားသားအလုပ်သမား များ ပြန်လည်ထွက်ခွာသွားခြင်းနှင့်အတူ ဂရိလူငယ် များ နိုင်ငံခြားသို့ အလုံးအရင်းနှင့် ရွှေ့ပြောင်းထွက်ခွာ မှုများ ပေါ်ပေါက်ခဲ့သည်။

အဓိကအကြောင်းရင်းများတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုနှင့် အိမ်ရာဈေးနှုန်း မြင့်မားမှု ၏ ဖိအားပေးခံရမှုတို့ကြောင့် လူငယ်များအနေဖြင့် မိသားစုထူထောင်ရန် စိတ်အားထက်သန်မှု လျော့နည်းစေပြီး ဂရိနိုင်ငံ၏ လူဦးရေဆိုင်ရာ စိန်ခေါ်မှုကို ပိုမိုနက်ရှိုင်းစေခဲ့သည်။

လက်ရှိတွင် ဂရိနိုင်ငံအနေဖြင့် လူငယ်မျိုးဆက် သစ်များ ပြည်ပသို့ အများအပြားရွှေ့ပြောင်းမှုနှင့် အိမ်ထောင်ပြုမှု၊ ကလေးမွေးဖွားမှုနှုန်း ကျဆင်းခြင်း တို့ကြောင့် ရေရှည်လူဦးရေကျဆင်းမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း သုတေသီများ က သတိပေးထားသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်၌ စားရေရိက္ခာဖူလုံမှု အားကောင်းစေရန် ကြက်သွန်နီ အအေးခန်းသိုလှောင်ရုံပေါင်း ၁၂၀ ဆောက်လုပ်

**ကဘူးလ် ဩဂုတ် ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ၌ ကမ္ဘာ့ဘဏ်၏ ငွေကြေးထောက်ပံ့ကူညီမှုနှင့်အတူ ပြည်နယ်အများအပြားတွင် ကြက်သွန်နီ အအေးခန်း သိုလှောင်ရုံ စုစုပေါင်း ၁၂၀ ဆောက်လုပ်လျက် ရှိကြောင်း ဒေသမီဒီယာ တိုလိုနယူးစ်၏ ဩဂုတ် ၂၄ ရက် ဖော်ပြချက်အရ သိရသည်။

အဆိုပါ အအေးခန်းသိုလှောင်ရုံများကို ပတ်တီယာ၊ ဂါဇနီ၊ ဒါအီကွန်ဒီ၊ ဘာဒက်ရှန်နှင့် ကန်ဒါဟာ စသည့်ပြည်နယ်များတွင် ဆောက်လုပ်လျက်ရှိပြီး သိုလှောင်ရုံတစ်ခုစီတွင် ကြက်သွန်နီ တန်ချိန် ၂၀ အထိ သိုလှောင်ထားနိုင်ကြောင်း သိရသည်။



ယင်းကဲ့သို့ အအေးခန်းသိုလှောင်ရုံများ ဆောက်လုပ်မှုက ရိတ်သိမ်းပြီးနောက် လေလွင့်ဆုံးရှုံးမှုများ လျော့ချရာတွင် တောင်သူများကို ကူညီပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ဈေးကွက်ပေါက်ဈေးများကို တည်ငြိမ်မှုရှိစေမည့်အပြင် ကျေးလက်ဒေသများ၌ စားရေရိက္ခာဖူလုံမှု အားကောင်းစေရေးတို့တွင်လည်း ကူညီပေးနိုင်မည်ဖြစ်သည်။

အာဖဂန်နစ္စတန် နိုင်ငံရှိ ကြက်သွန်နီစိုက် တောင်သူများသည် ၎င်းတို့၏ ထွက်ကုန်များ ဆွေးမြည့်ပုပ်သိုးခြင်းမှ ကာကွယ်ရန်နှင့် ဝင်ငွေအခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် အအေးခန်း သိုလှောင်ခန်းများ ဆောက်လုပ်ရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသော်လည်း လုံလောက်သော သိုလှောင်ရုံနှင့် ဈေးကွက်ရရှိရေးတို့တွင် စိန်ခေါ်မှုများနှင့် မကြာခဏရင်ဆိုင်ကြုံတွေ့နေရသည်။ **ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ ကျောင်းနေအရွယ်ကလေးများအတွက် ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးအစီအစဉ် စတင်မည်

**ကိုလံဘို ဩဂုတ် ၂၄**

သီရိလင်္ကာနိုင်ငံ ပညာရေးဝန်ကြီးဌာနက ကျောင်းသားများ၏ ကျန်းမာရေးမြှင့်တင်ရန် လှုပ်ရှားမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် နေ့စဉ် ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးအစီအစဉ်ကို စတင်မိတ်ဆက်သွားမည်ဟု အရာရှိများက ဩဂုတ် ၂၃ ရက်တွင် ပြောသည်။

ဝန်ကြီးချုပ် ဟာရီနီအမ်မရာဆူရီယာ ဦးဆောင်သော အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ကြောင်း ပညာရေးနှင့်အဆင့်မြင့်ပညာရေး ဒုတိယဝန်ကြီး မက်ဒူရာ ဆီနီဗရက်သနာက သတင်းထောက်များကို ပြောသည်။ အထူးသဖြင့် ကလေးများတွင် မကူးစက်နိုင်သောရောဂါများ အဖြစ်များလာခြင်း ကြောင့် ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများတိုးလာမှုကို တုံ့ပြန်ရန် ယခုလို ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအစီအစဉ်ကို မိတ်ဆက်ခြင်းဖြစ် ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးဌာနနှစ်ခုသည် ကျောင်းအားကစားအဖွဲ့များနှင့် အမျိုးသား အားကစားအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရန် ပူးတွဲကော်မတီကို ဖွဲ့စည်းသွားမည်ဟု ဆီနီဗရက်သနာ၏ ပြောကြားချက်အရ သိရသည်။ အဆိုပါကော်မတီသည် နည်းပြများရှားပါးမှုကိုဖြေရှင်းရန်နှင့် ကလေး များအတွက် အားကစားဆိုင်ရာလှုပ်ရှားမှုများ ဆက်လက်ပေါ်ပေါက်ရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ ကျောင်းနေအရွယ်ကလေးများတွင် မကူးစက် တတ်သောရောဂါများတိုးလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇွန်လအတွင်း အစီရင်ခံပြီးနောက် ကြိုတင်ကာကွယ်ရေးအစီအမံများ လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။ **ဆင်ဟွာ**

## ငတ်မွတ်မှုဘေး တိုက်ဖျက်ရန် ထောက်ပံ့ကူညီမှုများ ဂါဇာသို့ လေကြောင်းမှ ပစ်ချပေးပို့

**ဂါဇာ ဩဂုတ် ၂၄**

ဂါဇာကမ်းမြောင်၌ အလွန်အမင်း စားရေရိက္ခာပြတ်တောက်မှုများနှင့် ဒေသခံပြည်သူများ ရင်ဆိုင်နေကြရကြောင်း၊ အစ္စရေးက ကုန်းလမ်းမှ ထောက်ပံ့ကူညီပေးပို့မှုများကိုကန့်သတ်ထားသောကြောင့် လေကြောင်း မှတစ်ဆင့် ဂါဇာကမ်းမြောင်ဒေသသို့ ထောက်ပံ့ကူညီမှုများ ပစ်ချပေးပို့ လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

ကုလသမဂ္ဂက ဂါဇာစီးတီးနှင့် အနီးဝန်းကျင်တွင် အငတ်ဘေးဆိုက် နေကြောင်း အတည်ပြုထားသည်။ ထောက်ပံ့ကူညီမှုများ လေကြောင်းမှ တစ်ဆင့် ပစ်ချပေးပို့ခြင်းသည် ဂါဇာဒေသခံများအတွက် အသက်သွေး ကြောတစ်ခုအဖြစ် အရေးပါလျက်ရှိကြောင်း ကုလသမဂ္ဂက ပြောသည်။

ဂျော်ဒန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်မိုမာနီက လေကြောင်း မှတစ်ဆင့် ပစ်ချပေးပို့ခြင်းမှာ အကန့်အသတ်များရှိသော်လည်း နိုင်ငံ များအတွက် ရွေးချယ်စရာမရှိကြောင်းနှင့် ဆက်လက်လုပ်ဆောင်သွား ရမည်ဖြစ်ကြောင်း ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်၌ ဇန်နဝါရီလမှစတင်၍ ကလေးများတွင် အဖြစ်များသော လက်၊ ခြေထောက်နှင့် ပါးစပ်ရောဂါဖြစ်ပွားသူ ၃၇၃၆၈ ဦးအထိရှိလာ

**မနီလာ ဩဂုတ် ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ ကူးစက်မှုမြင့်မားသော လက်၊ ခြေထောက်နှင့် ပါးစပ် ရောဂါ (HFMD) ဖြစ်ပွားမှုမှာ ဇန်နဝါရီလမှ ဩဂုတ် ၉ ရက်အထိ ရောဂါ ဖြစ်ပွားသူပေါင်း ၃၇၃၆၈ ဦး အထိရှိလာသည်ဟု ဩဂုတ် ၂၃ ရက်တွင် ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါရောဂါဖြစ်ပွားသူပမာဏမှာ လွန်ခဲ့သည့်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ခုနစ်ဆပို၍များပြားကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနက ပြောသည်။ ကူးစက်မှု၏ ၅၀ ရာခိုင်နှုန်းမှာ အသက် တစ်နှစ်နှင့် အသက်သုံးနှစ်အတွင်း ကလေးများတွင်ဖြစ်ကြောင်း ကျန်းမာရေးအေဂျင်စီက ပြောသည်။

HFMD သည် မွေးကင်းစကလေးငယ်များနှင့် ကလေးငယ်များကို ကူးစက်တတ်သည့် ပြင်းထန်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်သည်။ ၎င်း၏ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ ပါးစပ်နာကျင်ခြင်း၊ လက်၊ ခြေနှင့်တင်ပါးတို့တွင် အရည်ကြည်ဖုများ ပေါက်ခြင်းတို့ဖြစ်သည်။



ကူးစက်ခံရသည့်လူနာ၏ တံတွေး၊ ချွဲ၊ အရည်ကြည် သို့မဟုတ် မစင်တို့နှင့် အနီးကပ်ထိတွေ့ခြင်းမှ ရောဂါကူးစက်နိုင်သည်ဟု ကျန်းမာရေးဌာနက သတိပေးထားသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ နိုင်ငံပေါင်း ၉၀ ကျော်မှ သတင်းထောက် ၁၀၀ ကျော်ဖြင့် မီဒီယာဖလှယ်မှုအစီအစဉ်စတင်





**ပေကျင်း ဩဂုတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ China International Press Communication Center မှ ဖွင့်လှစ်သည့် ပြည်ပသတင်းထောက်များအတွက် သတင်းမီဒီယာဖလှယ်မှုနှင့် သင်ကြားရေးအစီအစဉ်ကို ဩဂုတ် ၂၂ ရက်တွင် စတင်ဖွင့်လှစ်သည်။

**တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းဖြင့် ဖွင့်လှစ်**

CIPCC ကို ၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လေးလတာ သတင်းမီဒီယာဖလှယ်ရေးအစီအစဉ်ကို ၂၀၂၄ ခုနှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

"CIPCC အစီအစဉ်မှာ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာခွင့်ရမယ်။ မီဒီယာပြောင်းလဲမှုဖြစ်စဉ်တွေကို သိလာရမှာဖြစ်သလို နှစ်ပေါင်းများစွာက ယဉ်ကျေးမှုအမွေအနှစ်အချို့ကိုလည်း ကိုယ်တိုင်သင်ယူနိုင်ကြမယ်။ ပေကျင်းနဲ့ ပေကျင်းပြင်ပက နေရာအသီးသီး၊ အလွှာအသီးသီးကလူတွေနဲ့ ပြောဆိုသတင်းယူခွင့်တွေ၊ နိုင်ငံရဲ့အရေးပါတဲ့ အခမ်းအနားတွေကိုလည်း တက်ရောက်ခွင့်ရမှာဖြစ်ပါတယ်။ နိုင်ငံအတွင်းက ထင်ရှားတဲ့ မီဒီယာကြီးတွေမှာလည်း ရက်တိုမီဒီယာ ပူးတွဲလေ့လာလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်"ဟု CIPCC ၏ ဒါရိုက်တာမစ္စတာ ယုလင်က ပြောကြားသည်။

**သတင်းထောက် ၁၀၀ ကျော် ပါဝင်**

အဆိုပါအစီအစဉ်တွင် အာဖရိက၊ အာရှ-ပစိဖိတ်၊ လက်တင်အမေရိက-ကာရေဘီယံ၊ ဥရောပ-အာရှ၊ အာရပ်နှင့် ဥရောပဒေသဟူ၍ ဆက်သွယ်ရေးစင်တာခြောက်ခုသတ်မှတ်ထားပြီး နိုင်ငံပေါင်း ၉၀ ကျော်မှ သတင်းထောက် ၁၀၀ ကျော် ပါဝင်ကြသည်။

လေးလတာအစီအစဉ်အတွင်း ပေကျင်းမြို့အပြင် ရှန်ဟိုင်း၊ တီယန်ကျင်း၊ လောင်းလင်အစရှိသည့် ထင်ရှားသော မြို့ကြီးများနှင့် တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာဒေသများသို့ သွားရောက်လည်ပတ်ခြင်းနှင့် သတင်းယူခြင်းများလည်း ပါဝင်သည်။

ထို့အတူ တရုတ်နိုင်ငံ၏ မီဒီယာတိုးတက်ပြောင်းလဲမှုဖြစ်စဉ်များနှင့် ယဉ်ကျေးမှုများ၊ လူနေမှုဘဝနှင့် နည်းပညာအသုံးပြုစိုက်ခင်းများစသည်တို့ကို လေ့လာခွင့်နှင့် တရုတ်နိုင်ငံရှိ တက္ကသိုလ်များတွင် မီဒီယာနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာအကြောင်းအရာများကို သင်ယူခွင့်ရရှိကြမည်ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံရှိ ထင်ရှားသည့် မီဒီယာလုပ်ငန်းများဖြစ်သည့် CGTN၊ Xinhua နှင့် People's Dailyတို့တွင် လက်တွေ့လေ့လာသင်ယူနိုင်မည့်အပြင် သင်တန်းကာလအတွင်း ထင်ရှားသည့်အခမ်းအနားများဖြစ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ပဉ္စမအကြိမ် ထိပ်သီးအစည်းအဝေး၊ တရုတ်ပြည်သူတို့၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခဲ့သည့် နှစ် ၈၀ ပြည့်အထိမ်းအမှတ်အခမ်းအနား၊ တရုတ်-အာရပ်နိုင်ငံများ ကုန်စည်ပြပွဲစသည်တို့သို့ သတင်းရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

---

# ရန်ကင်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်က ရန်ကင်းမြို့နယ် မဟာသာသနာ့ဗိမာန် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်အထောက်အကူပြု အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဟန်သီစုလှိုင်က အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

**တက်ရောက်**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် စုစုပေါင်း ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---



# ရွှေဘိုမြို့၌ နိုင်ငံ့ဝန်ထမ်း(ငြိမ်း)ပင်စင်စားများအား UID Card များ ဆောင်ရွက်ပေး

**ရွှေဘို ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် တိကျမှန်ကန် မြန်ဆန်စေရေးအတွက် Centralized e-Persion စနစ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် Biometric ကောက်ယူခြင်း၊ Smart Card များ ပြုလုပ်ပေးခြင်းလုပ်ငန်းနှင့် UID နံပါတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး နှင့် ဝန်ထမ်းများသည် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း (ငြိမ်း) ပင်စင်စားများ အဆင်ပြေလွယ်ကူစေရန် အထူးအစီစဉ်တစ်ရပ်အနေဖြင့် ပင်စင်လစာထုတ်ရက်ဖြစ်သည့် လစဉ် ၂၁ ရက်မှစတင်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ပင်စင်လစာထုတ်ယူနေသည့် ၄၆၅၅ ဦးအနက် ၉၁၄ ဦးအား စိစစ်ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသူများအား လစဉ်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

# မုံရွာပညာရေးဒီဂရီကောလိပ်၌ လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနား ကျင်းပ

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၂ ရက်က ဆရာအတတ်ပညာဦးစီးဌာန မုံရွာပညာရေးဒီဂရီကောလိပ် ပဋ္ဌာဗလခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က အမှာစကားပြောကြားပြီး လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးနှင့်လျော့ပါးရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ဝန်ထမ်းများနှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ငလျင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



---

# ငဖဲမြို့နယ်၌ အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ငဖဲ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ ဌာနဆိုင်ရာများနှင့်ပြည်သူများ အမှိုက်အမျိုးအစားလေးမျိုးခွဲခြား စွန့်ပစ်ရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်မော်မော်လွင် ဦးဆောင်၍ တာဝန်ခံအင်ဂျင်နီယာ၊ စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များရှိ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဈေး၊ ပန်းခြံနှင့် အများပြည်သူနေရာများတွင် အမှိုက်အမျိုးအစားလေးမျိုးခွဲခြား စွန့်ပစ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိ အမှိုက်များကို အရောင်ဖြင့် ခွဲခြားထားသည့် အမှိုက်ပုံးများထားရှိခြင်း၊ အရောင်ဖြင့် ခွဲခြား၍ အမှိုက်သိမ်းယာဉ်ပေါ်သို့ လက်တွေ့သရုပ်ပြ စွန့်ပစ်ခြင်း၊ ပြည်သူများအား အမှိုက် အမျိုးအစားအလိုက် အရောင်ဖြင့် ခွဲခြားစွန့်ပစ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

---



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့်အဖွဲ့များက ဩဂုတ် ၂၃ ရက်တွင် (၅၃)လမ်း (၁၄၂)x(၁၄၃) လမ်းကြားရှိ Grand Royal အရက်ချက်စက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြစဉ်။ ၂၂၁

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရ
အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ် ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မော်လမြိုင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၄**
မွန်ပြည်နယ် မော်လမြိုင်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့က မော်လမြိုင်မြို့ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ လူငယ်စကားဝိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်လှဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများ ဖြစ်သည့် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၂၄**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အပံ့ဖြစ်စေရန်၊ ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ ယမန်နေ့က တောင်တွင်းကြီးမြို့ မင်းကွန်းကျောင်းတိုက်ဝင်းအတွင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးကြသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်သန်းဆွေက အမှာစကားပြောကြားပြီး စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ခဲ့ကာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

## သဘာဝရေပြင်(စက်တူးမြောင်းချောင်း) အတွင်း ငါးမျိုးစိုက်ထည့်

**တွံတေး ဩဂုတ် ၂၄**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ယမန်နေ့ကလှိုင်သာယာ-တွံတေး ကားလမ်းမိုင်တိုင်(၆)ရှိ ကံရွာကျေးရွာအုပ်စု တံတားအနီးရှိ သဘာဝရေပြင်(စက်တူးမြောင်းချောင်း) အတွင်းသို့ ငါးသားပေါက်ကောင်ရေ လေးသိန်းရှစ်သောင်းကို ငါးမျိုးစိုက်ထည့်ပေးသည်။




ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝရေပြင် (စက်တူးမြောင်းချောင်း) အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသံချောင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ လှော်ကားငါးလုပ်ငန်း စခန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက သဘာဝရေပြင်(စက်တူးမြောင်းချောင်း)အတွင်းသို့ ငါးမြစ်ချင်းလေးသိန်း၊ ငါးခုံးမကြီး ရှစ်သောင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၄၈၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

**မျိုးလှိုင်(တွံတေး)**




## ဘုတ်ပြင်းမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဘုတ်ပြင်း ဩဂုတ် ၂၄**
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့က ခရိုင်စုပေါင်းရုံးဧရိယာအတွင်း၌ စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမင်းကိုက စိုက်ပျိုးမည့်ပျိုးပင်များကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီက မြို့နယ်ရဲတပ်ဖွဲ့မှူးအား စိုက်ပျိုးမည့် ပျိုးပင်များကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ပျဉ်းကတိုး ၁၀၀၊ မဟော်ဂနီ ၂၀၀ နှင့် မန်ကျည်းရှား ၁၀၀ စုစုပေါင်း ပျိုးပင် ၄၀၀ ကို ခရိုင်စုပေါင်းရုံးအတွင်း ခြံစည်းရိုးဧရိယာနှင့် ခြံစည်းရိုးပတ်လည်တို့တွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်ဦးမြို့၌ လျှပ်သင်္ဂြိုဟ်တူ သရုပ်ပြလေ့ကျင့်

**ညောင်ဦး ဩဂုတ် ၂၄**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ လျှပ်သင်္ဂြိုဟ်တူ သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့က ကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။



လျှပ်သင်္ဂြိုဟ်တူ သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ ဝံသာနု၊ လောကပါလ၊ Bagan Rescue လူမှုကူညီရေးအသင်းများမှ အသင်းသား အသင်းသူများ၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး လျှပ်ကြောင့် မီးလောင်မှုဖြစ်ပွားခြင်းကို မီးငြိမ်းသတ်ခြင်း၊ အပျက်အစီးကြား ပိတ်မိသူများအား ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ကွန်ကရစ်အောက်၊ ပြိုကျအဆောက်အအုံအတွင်း၊ အထပ်မြင့်အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ကြိုးဆင်းသရုပ်ပြသခြင်းများကို မီးသတ်ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက လေ့ကျင့်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ကံမ ဩဂုတ် ၂၄**
မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ပြည်သူများ စွန့်ပစ်အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာနည်းလမ်းများကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ယမန်နေ့က အမှိုက်အမျိုးအစားအလိုက် အရောင်ဖြင့် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးမြင့်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ ပူးပေါင်း၍ ဈေးနှင့်ပတ်ဝန်းကျင်နေရာများနှင့် လူနေအိမ်များ၊ အများပြည်သူသွားလာသည့် နေရာများတွင် အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ရေးဆိုင်ရာ အရောင်ဖြင့် ခွဲခြားထားသည့် အမှိုက်ပုံးများထားရှိခြင်း၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ်ရှိအမှိုက်၊ ပလတ်စတစ်အမှိုက်များကို ပြည်သူများအား အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ကျော်ဇေယျဝင်း(ကံမ)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊**Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကမ်းနီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၄**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၂ ရက်က ကမ်းနီကျေးရွာ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ကမ်းနီကျေးရွာရှိ လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဦးစီးအရာရှိက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကမ်းနီကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးထံသို့ ရန်ပုံငွေကျပ် သိန်း ၂၅၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးထံသို့ ရန်ပုံငွေကျပ် ၁၂၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးထံသို့ ရန်ပုံငွေကျပ် ၂၄ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦးထံသို့ ရန်ပုံငွေကျပ် ရှစ်သိန်းကို တစ်ဦးချင်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**

## ဒဂုံမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၂၄**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(မြို့မ) ဦးဘလွင်ခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူလျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိုက်ထွန်းမောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသန်းထိုက်ဇော်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဦးတို့က လျှပ်စစ်အန္တရာယ် အကြောင်းရင်း၊ လျှပ်စစ်ပစ္စည်းများ အသုံးပြုရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လျှပ်စစ်အန္တရာယ် အလျင်အမြန်ကာကွယ်ရေး၊ ကလေးသူငယ်များအတွက် ဂရုပြုရမည့်အချက်များ၊ အရေးပေါ်အခြေအနေ ဖြေရှင်းနည်းများ၊ လျှပ်စစ်အန္တရာယ် သတိပေးခြင်းနှင့် ပညာပေးခြင်းများကို ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လဲ့လဲ့(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



**ကျိုက်လတ် ဩဂုတ် ၂၄**
ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကညင်ကိုင်းကျေးရွာ ဓမ္မာရုံ၌ ဩဂုတ် ၂၂ ရက်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်နိုင်က မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကညင်ကိုင်း၊ ဒေါပုံ၊ ကျုံလမု၊ ကွန်ပလိုင်းရွာသစ်၊ ကွန်ပလိုင်း၊ ကွင်းချောင်းကြီး ကျေးရွာအုပ်စုမှ လူဦးရေ ၈၇၄ ဦးခန့်က လက်တွေ့စမ်းသပ်မဲပေး လေ့လာခဲ့ကြသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရေး ဩဂုတ် ၂၄**
ကျောင်းသား ကျောင်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်များ၊ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို သိရှိလိုက်နာကြစေရန် ရည်ရွယ်ချက်ဖြင့် ဩဂုတ် ၂၂ ရက်က မွန်ပြည်နယ် ရေးမြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းငွေအောင်က သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ ရေဘေးအန္တရာယ်၊ လျှောင်ဘေးအန္တရာယ် သတိပြုလိုက်နာရမည့်အချက်များ၊



အရေးပေါ်လိုအပ်မည့်ပစ္စည်းများ ကြိုတင်စုဆောင်းထားရမည့်အချက်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များကို လိုက်နာဆောင်ရွက်ကြရေး ရှင်းလင်းဟောပြောရာ အကြောင်းအရာအလိုက် မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**



## မြင်းခြံမြို့၌ နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား Biometric အချက်အလက်နှင့် UID နံပါတ်ထုတ်ပေး

**မြင်းခြံ ဩဂုတ် ၂၄**
နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား) များအား ဇီဝဆိုင်ရာအချက်အလက်များ (Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၂ ရက်က မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား) များအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**



ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ အများပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ကားများတွင် ပါဝါအိတ်ဇောတပ်ဆင်မောင်းနှင်မှုကြောင့် ဆူညံမှုများမရှိစေရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဩဂုတ် ၂၄ ရက်တွင် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု(၃၁)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်မြင့်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။

ချစ်စုဝေ(ပြန်/ဆက်)

## ဒိုက်ဦးမြို့နယ်အတွင်း သမဝါယမအသင်းက စပါးစိုက်ပျိုးမှုများအား ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး ဩဂုတ် ၂၄**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာရှိ ရွှေကျောင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း အသင်းသားတောင်သူ ၂၃ ဦး၏ လယ်မြေများ၌ အောင်နိုင်တိုး မျိုးစပါးဖြင့် စိုက်ပျိုးထားရှိသည့် သမဝါယမ မိုးစပါးစီမံကိန်းစိုက်ခင်းသို့ ဩဂုတ် ၂၂ ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ မိုးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိပြီး တောင်သူများ ဝင်ငွေတိုးပွားရေး၊ စိုက်ခင်းများကို ပိုးမွှားရောဂါ မကျရောက်စေရေး မြေဩဇာများအချိန်ကာလအလိုက် စနစ်တကျထည့်သွင်းနိုင်ရေးနှင့် စိုက်ပျိုးစဉ်ကာလအတွင်း လိုအပ်ချက်များကို ဦးစီးဌာနသို့ အချိန်မီတင်ပြနိုင်ရေးနှင့် အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယာဉ်ထိခိုက်မှုအန္တရာယ် ကင်းဝေးစေရေး သတိပေးရောင်ပြန် စတေကာကပ်ခြင်း ဆောင်ရွက်

**မင်းဘူး ဩဂုတ် ၂၄**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့၌ လမ်းသွားလမ်းလာပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် လျှပ်စစ်ဓာတ်တိုင်များကြောင့် ယာဉ်ထိခိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်ဓာတ်တိုင်များတွင် သတိပေးရောင်ပြန် စတေကာကပ်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၂ ရက်က မြို့ရေိယာအတွင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးနှင့် မင်းဘူးခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ ကြီးကြပ်မှုဖြင့် စကုမြို့လျှပ်စစ်မန်နေဂျာ ဦးဝေလင်းနိုင်နှင့် လျှပ်စစ်ဝန်ထမ်းများက မင်းဘူး-စကု-ပွင့်ဖြူ ကားလမ်းပိုင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ လမ်းဘေးဝဲ/ယာဓာတ်တိုင်များကို သတိပေးရောင်ပြန် စတေကာများကပ်ခြင်းနှင့် အသိပညာပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## သံတောင်ကြီးဒေသထွက် ရာသီစာမျှစ်များ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိ

**သံတောင်ကြီး ဩဂုတ် ၂၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ရာသီစာမျှစ်များ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိကြောင်း သိရသည်။

သံတောင်ကြီးဒေသထွက် မျှစ်များမှာ ဥယျာဉ်ခြံများနှင့် တောတောင်များတွင် သဘာဝအလျောက်ပေါက်ရောက်ပြီး ဇူလိုင်လနှင့်ဩဂုတ်လ မျှစ်လှိုင်လှိုင်ပေါ်ချိန်တွင် ဒေသခံပြည်သူများက လိုက်လံချိုးယူ၍ မျှစ်အဝယ်ဒိုင်များထံ ရောင်းချကြရာ မျှစ်များ လှိုင်လှိုင်ပေါ်ချိန်ဖြစ်သော်လည်း ဈေးကောင်းရရှိကြကြောင်း သိရသည်။ မျှစ်ပေါ်ချိန်တွင် လူတစ်ဦး တစ်ရက်လျှင် မျှစ်ပိဿာ ၂၀ အထိ ချိုးယူရရှိသည့်အတွက် မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေကြောင်း မျှစ်လိုက်လံချိုးယူရောင်းချသူ ဦးစောလာမူးက ပြောသည်။

သံတောင်ကြီးမြို့ရှိ မျှစ်အရောင်းအဝယ်လုပ်ကိုင်သူများက တောင်ငူမြို့ မျှစ်ရောင်းဝယ်လုပ်ကိုင်သူများထံ ပြန်လည်ရောင်းချခဲ့ပြီး တောင်ငူမြို့ရှိ မျှစ်ရောင်းဝယ်သူလုပ်ကိုင်သူများက မြန်မာနိုင်ငံအနှံ့သို့ ပြန်လည်တင်ပို့ရောင်းချကြကြောင်း သိရသည်။ **နော်နော်မူ**



## သာကေတမြို့နယ်၌ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအပေါ် လူငယ်တို့၏ စကားသံအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လူငယ်စင်တာ၌ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအပေါ် လူငယ်တို့၏အသံ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ်၂၃ ရက်က အဆိုပါလူငယ်ရေးရာစင်တာ၌ ကျင်းပသည်။



ဦးစွာ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအဖွဲ့(MPPAA) ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က အမှာစကားပြောကြားပြီး ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအပေါ် လူငယ်တို့၏အသံ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအဖွဲ့ (MPPAA)မှ ဥပဒေအကြံပေးနှင့် အတိုင်ပင်ခံ ဦးသန်းဇော်အောင်က ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံ ဆွေးနွေးပွဲကို အဖွဲ့ ၁၀ ဖွဲ့ ခွဲပြီး ဆွေးနွေးခဲ့ကြကာ ဆွေးနွေးပွဲအပေါ် သုံးသပ်ချက်များအား တစ်ဖွဲ့လျှင် အဖွဲ့ဝင်တစ်ဦးက ၁၀ မိနစ်ခန့် ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်း၊ ဗိုလ်တထောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **အိရွှေစင်လတ်(ပြန်/ဆက်)**

## သာယာဝတီ၌ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု



**သာယာဝတီ ဩဂုတ် ၂၄**

သာယာဝတီမြို့နယ် ကျွန်းကုန်းအုပ်စု မိုးစပါး စိုက်ခင်းများ၌ စုပေါင်းသမန်းနှိုး၊ ပေါင်းနုတ်၊ မြေဩဇာကြဲပက်ခြင်းနှင့် ပိုးမွှားကျရောက်မှု ရှိ မရှိကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုက အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများ၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ပေါင်းနုတ်၊ သမန်းနှိုး၊ မြေဩဇာကြဲပက်ခြင်းများ ဆောင်ရွက်ရမည့်အပြင် ပိုးမွှားရောဂါကျရောက်မှု မရှိစေရေးအတွက် အထူးဂရုစိုက်ရန် လိုကြောင်းနှင့် မိုးစပါးစိုက်တောင်သူများ စုပေါင်း၍ ဆောင်ရွက်ကြခြင်းဖြင့် စပါးအထွက်နှုန်းပိုမိုထွက်ရှိကာ ဝင်ငွေတိုးတက်ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID ကတ်များ ဆောင်ရွက်ပေး

**လှိုင်းဘွဲ့ ဩဂုတ် ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် UID (Unique Identity)နံပါတ်ထုတ်ပေးခြင်းကို ဩဂုတ် ၂၂ ရက်က မြန်မာ့စီးပွားရေးဘဏ်(လှိုင်းဘွဲ့)၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးသည့်အတွက် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေထုတ်ယူရာတွင် လူပုဂ္ဂိုလ်မှန်ကန်မှု ရှိ မရှိ စိစစ်နိုင်မည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၏ Centralized e–Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e–ID စနစ်တို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကာ လှိုင်းဘွဲ့မြို့နယ် ဦးစီးမှူးရုံးအနေဖြင့် မြို့နယ်အတွင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၃၁၂ ဦးအား UID ကတ်များ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဩဂုတ် ၂၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအဖွဲ့တို့ ပူးပေါင်း၍ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက အသိပညာပေးကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ရင်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးခြင်းများကို ကဏ္ဍစုံလင်စွာဖြင့် ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြည်သူများအား စာပေအသိပညာဗဟုသုတ တိုးပွားစေရေးအတွက် အွန်လိုင်းမှတစ်ဆင့် ယခုကဲ့သို့ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ၊ နံရံကပ်စာစောင်ပြပွဲများ၊ စာဖတ်ဝိုင်းများ၊ လူငယ်အသိပညာပေး ဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ စာအုပ်အညွှန်းများ မိတ်ဆက်ခြင်းတို့အပြင် ကလေးများ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးလာစေရန်အတွက် ကဗျာရွတ်ဆိုခြင်း၊ ပုံပြင်ပြောခြင်း အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ပြသပေးခြင်း စသည့် အစီအစဉ်များကို လူမှုကွန်ရက်များတွင်လည်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အချို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ

### ဆီဆိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၄ ရက်က အခြေခံပညာအထက်တန်းကျောင်း(ဆီဆိုင်)ရှိ ယုဇနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဇင်မာဖြိုးက မြန်မာအီလက်ထရောနစ်မဲပေးစက် အကြောင်းနှင့် မဲပေးစက်အသုံးပြုပုံအသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသည့် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



### လင်းခေး

လင်းခေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများသည် ဩဂုတ် ၂၄ ရက်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်းစနစ်အဆင့်ဆင့်နှင့် စပ်လျဉ်း၍ အသိပညာ ပေးဟောပြောခြင်း၊ လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်းတို့ကို မြို့နယ်နွယ်ဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဦးချိုနိုင်တို့က MEVM စက်ဖြင့် ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးဟောပြောကြသည်။ ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက် တပ်ဆင်ထားရှိပုံအဆင့်ဆင့်၊ ၎င်းဖြင့် ဆန္ဒမဲပေးရာတွင် အဆင်ပြေစေရန် မဲပေးစက်အသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြသပေးကာ တက်ရောက်လာသူများက တစ်ဦးချင်းအလိုက် လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**



### ရေး

မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း အစမ်းလေ့ကျင့်မှုကို ဩဂုတ် ၂၄ ရက်က မွန်ပြည်နယ် ရေးမြို့နယ် ရန်ကြီးအောင် ရပ်ကွက်ရုံး၌ ဆောင်ရွက်သည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကောင်းဇော်မြင့်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိ ဦးအောင်ကိုလတ်က မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဖြင့် မဲပေးရာတွင် လွယ်ကူလျင်မြန် နည်းစနစ်မှန်ကန်စွာ မဲပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်ကြသည့် ရပ်ကွက်နေပြည်သူများက ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းကို လက်တွေ့ဆောင်ရွက်ကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသည်။ ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်၌ တည်ဆောက်ပြီး ၁၉၀၀ ပြည့်နှစ်တွင်ပြီးစီးခဲ့ကာ ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။ ဂုတ်ထိပ်တံတားသည် တံတားအရှည် ပေ (၂၂၆၀)၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကို တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားများလည်း အများအပြားလာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်းဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းများတွင်လည်း ပါဝင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နောင်ချိုမြို့အား ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့်အတူ နယ်မြေသတင်းများ ထောက်လှမ်းရယူကာ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့် တိုက်ခိုက်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ၁၂၀၀ နာရီချိန်ခန့်တွင် နောင်ချိုမြို့ တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင်အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများသည် ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှု မရရှိခြင်း၊ တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်များအား ဆက်လက်ခုခံနိုင်မှုမရှိခြင်းတို့ကြောင့် ထိခိုက်ကျဆုံးများစွာဖြင့် ကျောက်မဲမြို့နယ်ဘက်သို့ ကစဥ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး နောင်ချိုမြို့နယ်၊ နောင်ချို-ကျောက်မဲ ကားလမ်း ဂုတ်တွင်းအတက်လမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတား ကျောက်မဲမြို့ဘက်အခြမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတားနှင့် ကျောက်မဲမြို့ကြားရှိ နောင်ပိန်ရွာတွင်လည်းကောင်း ယာယီအခြေပြု၍ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်နည်းဗျူဟာမြောက် ခက်ခဲကြမ်းတမ်းပင်ပန်းစွာဖြင့် ရန်သူထင်မှတ်မထားသည့် လမ်းကြောင်းများမှ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဩဂုတ်လ ၂၃ ရက်နေ့တွင် နောင်ပိန်ရွာကို အပြီးတိုင်ပြန်လည်ထိန်းချုပ်ရချိန်၌ သောင်းကျန်းသူများအနေဖြင့် ကျေးရွာရှိ လူနေအိမ်များအား ယုတ်မာရက်စက်စွာဖြင့် မီးရှို့

### TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှု




သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P-16) နှင့် ကမ်းကပ်ခုံ (AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ (AB – 2) တို့ ပျက်စီးခဲ့ရသည်။

အား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူများအမြစ်ပြတ်ချေမှုန်းရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို လိုအပ်သလိုပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❊ *ကျောဖုံးမှ*

ခက်ခဲမှာဖြစ်ပေမယ့် ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ အသင်းမှာ နိုင်ငံခြားသား ကစားသမားမပါဘူး။ အခြားအသင်းတွေနဲ့ ယှဉ်ရင်အားနည်းပေမယ့် ယုံကြည်မှုအပြည့်နဲ့ကစားသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ခြေစစ်ပွဲကို အုပ်စုငါးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အား/ကာသိပ္ပံအသင်းပါဝင်သော အုပ်စု (က) ပွဲစဉ်များကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။ အုပ်စု (က) တွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်း၊ မြန်မာကလပ် အား/ကာသိပ္ပံအသင်း၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်း၊ ဂူအမ်ကလပ် Strykers အသင်းတို့ ပါဝင်နေပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်သည်။ အုပ်စု




**အား/ကာသိပ္ပံအသင်းနည်းပြချုပ် ဒေါ်စန်းစန်းသိန်းနှင့် Strykers အသင်းနည်းပြချုပ် ဂါဒီရာ။**

ပထမနေ့အဖြစ် ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီတွင် မြန်မာကလပ် အား/ကာ သိပ္ပံအသင်းနှင့် ဂူအမ်ကလပ် Strykers အသင်း၊ ည ၇ နာရီတွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းနှင့် မွန်ဂိုလီးယားကလပ် Khovd Western အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေးအတွက် အသင်းတွင်ရှိသည့် လူစာရင်းအပြင် အခြားကလပ်အသင်းများမှ လက်ရွေးစင်ကစားသမားများဖြစ်သော မေထက်လူ၊ ဖြူဖြူဝင်း၊ ဖြူဖွေး၊ ယွန်းဝတီလှိုင်နှင့် စန်းသော်သော်တို့ကို အငှားဖြင့် ခေါ်ယူအသုံးပြုမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

❑ *ကျောဖုံးမှ*

အဆိုပါ (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင် အားကစားပြိုင်ပွဲ၌ Men's Bodybuilding Up to 75 kg ပြိုင်ပွဲတွင် မြန်မာမှချမ်းမြေ့ထွန်းက ပထမ(ရွှေ)၊ ဗီယက်နမ်မှ ဒုတိယ(ငွေ)၊ မလေးရှားမှ တတိယ(ကြေး)တို့ကလည်းကောင်း၊ MSP Over175 cm တွင် မျိုးသူရကျော်က ပထမ(ရွှေ)၊ ထိုင်းက ဒုတိယ၊ မလေးရှားက တတိယ၊ MSP up to175 cm တွင် စိုင်းသက်နောင်ဦးက ပထမ(ရွှေ)၊ WMP up to 160 cm တွင် ဆုမွန်လှိုင်က ဒုတိယ(ငွေ)၊ WMP up Over 170cm တွင် မဇူးဇူးသန့်က ဒုတိယ(ငွေ)၊WMP up to165cm တွင် မလင်းလင်းစိုး၊ MAP up to 167 cm တွင် သန်းဇော်ထိုက်၊ 70kg တွင် မောင်မောင်စိုးတို့က တတိယ(ကြေး)တစ်ခုစီ အသီးသီး ဆွတ်ခူးရရှိခဲ့ကြပြီး အရှေ့တောင်အာရှပြိုင်ပွဲ၌ ကာယဗလမောင်အတန်းလိုက် ပထမဆုရပြိုင်ပွဲတွင် Champion of Champion Overall Champion ဆုကို မြန်မာမှချမ်းမြေ့ထွန်းက ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ MSP up to75 kg ပြိုင်ပွဲတွင် မြန်မာမှ ချမ်းမြေ့ထွန်းက ပထမ(ရွှေ)၊ ဗီယက်နမ်မှ ဒုတိယ(ငွေ)၊မလေးရှားမှတတိယ(ကြေး)ကလည်းကောင်း၊ WMP up to 175 cm တွင် မဇူးဇူးသန့်က ပထမ(ရွှေ)ကိုလည်းကောင်း၊ Master Body-building (40 – 49) Up to 80 kg တွင် မောင်မောင်မြင့်က ဒုတိယ( ငွေ)ကိုလည်းကောင်း၊ WWN အတန်းတွင် မမိုးသက်ခိုင်(Amara MoeMyint) က ဒုတိယ(ငွေ)ကိုလည်းကောင်း၊ MSP Up To 175 တွင် မျိုးသူရကျော်က တတိယ(ကြေး)၊ MSP Up To 175 တွင် စိုင်းသက်နောင်ဦးက တတိယ(ကြေး)၊ မောင်မောင်မြင့်က 70kg တွင် တတိယ(ကြေး)ကိုလည်းကောင်း ရရှိကြသည်။

ထို့ပြင် အာရှChampion of Champion Overall Champion ပြိုင်ပွဲတွင် ပထမဆုရရှိကြသော ကာယဗလမောင် 75 kg တန်းယှဉ်ပြိုင်ကြရာ မြန်မာမှ ချမ်းမြေ့ထွန်းက ကိုယ်ဟန်ပြအကောင်းဆုံး ရရှိခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် (၅၇) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်ကာယဗလအားကစားသမားများသည် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ခြောက်ခု ရရှိခဲ့ကြောင်းသိရသည်။

**အာကာလင်း**

---

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" (Kajiki) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန် – အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၂၆ ရက်နေ့မှ ဩဂုတ် ၂၉ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်ကြောင်း မိုး/ဇလက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

**၂၆-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**



# အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦ၊ တိုက်ခန်း တန်ဖိုးဖြတ်စံနှုန်းများ မြေပြင်ဈေးကွက်ပေါက်ဈေးနှင့် အနီးစပ်ဆုံးဖြစ်စေရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်အတွက် အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦ၊ တိုက်ခန်းတန်ဖိုးဖြတ် စံနှုန်းများ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦ၊ တိုက်ခန်း တန်ဖိုးဖြတ်စံနှုန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမခြောက်လပတ်က သတ်မှတ်ခဲ့သည့် အိမ်၊ ခြံ၊ မြေ စံနှုန်းများသည် နေရာဒေသအလိုက် ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေအရ အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦ၊ တိုက်ခန်းများ၏ တန်ဖိုးများသည် အချို့နေရာများတွင် မြင့်တက်လာသည့်အတွက် ယခု ဒုတိယခြောက်လပတ်တွင် စံနှုန်းများ ပြန်လည်သတ်မှတ်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ အတည်ပြု စံနှုန်းများကိုလည်း အများပြည်သူ သိရှိနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ တရားဝင် Website များတွင် ထည့်သွင်း ကြေညာမည်ဖြစ်ကြောင်း၊ အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦ၊ တိုက်ခန်း တန်ဖိုးဖြတ်စံနှုန်းများ စိစစ်ရေးကော်မတီအနေဖြင့် စံနှုန်းများကို မြေပြင်ဈေးကွက်ပေါက်ဈေးနှင့် အနီးစပ်ဆုံးဖြစ်စေရေး ညှိနှိုင်းသတ်မှတ်ကြရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝ ကောက်ခံရရှိနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦ၊ တိုက်ခန်း တန်ဖိုးဖြတ်စံနှုန်းများ စိစစ်ရေး ကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသက်ဆိုင်အောင်က တန်ဖိုးဖြတ်စံနှုန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကော်မတီဝင်များက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

## မဟာအောင်မြေမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**မဟာအောင်မြေ ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ကာ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာဗဟုသုတ တိုးပွားရရှိစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ဩဂုတ် ၂၃ ရက်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က ဦးဆောင်ဆွေးနွေးပြီး Grade-11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ဝါသနာ၊ လူငယ်နှင့်စာရိတ္တ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကလည်း သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြကြောင်း သိရသည်။

**ရွှေတိုး**



## သမဝါယမအသင်းဝင်များ၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် သား သမီးများအား ဂုဏ်ပြုချီးမြှင့်

**မိုင်းဖြတ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိ ဦးထွန်းဇော်ဝင်းက ဝန်ထမ်းပေါင်းစုံအသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနွယ်က သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အသင်းသားအသင်းသူများ၏ သားသမီးများကို ဂုဏ်ပြုဆု ချီးမြှင့်ပြီး အသင်းသားအသင်းသူများအား စားဆီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**သာစည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၁၉ ရက်က ညောင်ရမ်းအခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူးဦးလှထွန်းက လူငယ်စကားဝိုင်းပြုလုပ်ခြင်း ရည်ရွယ်ချက်များပြောကြားပြီး ကျောင်းအုပ်ကြီး ဦးမျိုးသက်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းက ဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ရာ Grade-11 မှ မသဲစုရတီဝင်းက လူငယ်နှင့်ကျန်းမာရေး၊ မငြိမ်းအိအိလှိုင်က လူငယ်နှင့်အားကစား၊ မအင်ကြင်းဖွေးက လူငယ်နှင့်ယဉ်ကျေးမှု၊ မချမ်းမေသူက လူငယ်နှင့်နည်းပညာ၊ မောင်ကောင်းသန့်ဇင်က လူငယ်နှင့်မူးယစ်ဆေး၊ မောင်ဝီရအောင်က လူငယ်နှင့် စာပေ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများ၊ သုတရသစာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ညောင်ဦးမြို့နယ်အတွင်းရှိ ရေသန့်စက်ရုံများအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ဖြန့်ချိရောင်းချလျက်ရှိသော ရေသန့်စက်ရုံများ၏ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ် ၂၄ ရက်က ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးသည်။




ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးတင်မျိုးခိုင်နှင့်အဖွဲ့သည် ခရိုင်စက်မှုကြီးကြပ်၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ညောင်ဦးမြို့နယ်အတွင်း ထုတ်လုပ်ဖြန့်ချိလျက်ရှိသော ရေသန့်စက်ရုံများဖြစ် သည့် Peace Life ရေသန့်စက်နှင့် Powerful ရေသန့်စက်ရုံများသို့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာပါရှိရေးတို့ကို ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**



ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ စင်မကော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပရာ တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်လှိုင်သူဇာ (ဓာတ်ပုံကျွမ်းကျင်-၂)က လူကုန်ကူးမှုအကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအကြောင်း၊ အသိပညာပေး ဟောပြောစဉ်။ ကျော်ဆန်း

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် ည ၈ နာရီခွဲတွင် သတင်းအရ တောင်ကြီးမြို့ အေးသာယာ ကားကြီးဝင်းတွင် မူဆယ်မြို့နေ သိန်းထွန်းဦး(ခ) ဘိုဘိုက မန္တလေးသို့ လူမဲ့တန်ဆာဖြင့် တင်ပို့မည့် WATER COOLER ရှစ်လုံးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ဘိန်းဖြူ ၇ ဒသမ ၀၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၅၃ သိန်း) ကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ အလားတူ WATER COOLER များအတွင်း ဘိန်းဖြူများထည့်သွင်း၍ ကားဂိတ်များမှတစ်ဆင့် လူမဲ့တန်ဆာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ တင်ပို့ထားကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် မြို့ပတ်လမ်းရှိ ကုန်စည်ဂိတ်၌ မူဆယ်မြို့နေ ဇင်ကိုအောင် (ခ) အောင်သူအား WATER COOLER ၁၃ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတည်းခိုနေထိုင်သည့် အောင်မြေသာစံမြို့နယ် သီရိမန္တလာကားဝင်းအနီးရှိတည်းခိုခန်းကို ဆက်လက်ရှာဖွေရာ မုံရွာမြို့ သလ္လာရပ်ကွက်နေ မင်းမင်းဇော် (ခ) ကိုဇော်နှင့်အတူ WATER COOLER ၁၀ လုံးအား လည်းကောင်း၊ အောင်မြေသာစံမြို့နယ် သီရိမင်္ဂလာကားဝင်းရှိ ကားဂိတ်သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားသော WATER COOLER ၁၁ လုံးနှင့် ချမ်းမြရွှေပြည်ကားဝင်းရှိ ကားဂိတ်မှ WATER COOLER ငါးလုံးတို့အား လည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးမြို့တွင် ကလေးမြို့သို့ ဆက်လက်ပို့ဆောင်မည့် WATER COOLER ၃၉ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၃၄ ဒသမ ၆၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၈၆၆၀) ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇင်ကိုအောင် (ခ) အောင်သူနှင့် မင်းမင်းဇော် (ခ) ကိုဇော်တို့က အလားတူ WATER COOLER များအား မန္တလေးမှ ကလေးမြို့သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သိမ်းဆည်းရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ ကားဂိတ်တွင် WATER COOLER နှစ်လုံးအားလည်းကောင်း၊ ၎င်းတို့ ငှားရမ်းနေထိုင်သော မုံရွာမြို့ သလ္လာရပ်ကွက်ရှိ နေအိမ်အတွင်းမှ WATER COOLER ၁၄ လုံးအား လည်းကောင်း ထပ်မံသိမ်းဆည်းရရှိခဲ့သဖြင့် မုံရွာမြို့၌ သိမ်းဆည်းရမိသည့် WATER COOLER ၁၆ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၁၄ ဒသမ ၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၃၅၀) ဖြစ်သဖြင့် ဖမ်းဆီးရမိ စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၅၆ ဒသမ ၃၆ ကီလို (၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၇၀၆၃ ဘီလီယံ) ဖြစ်ကြောင်း။

ကွင်းဆက် ဖော်ထုတ်ချက်အရ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီတွင် ဘိန်းဖြူများအား လားရှိုးမှကလေးသို့ တာဝန်ခံသယ်ဆောင်သူ ဘောက်လာ (ခ) ဂျိမ်းဖောအား မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘိန်းဖြူများအား ဝယ်ယူ၍ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ စိန်းလျှံထန်နှင့် အာကာလင်းတို့အား ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိနေအိမ်တွင် လည်းကောင်း၊ မန္တလေးမှ ကလေးသို့ ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူ ချစ်မင်းဟန် (ခ) အစွယ်အား ဩဂုတ် ၁၂ ရက် မွန်းလွဲ ၃ နာရီတွင် အောင်မြေသာစံမြို့နယ် သီရိမာလာ(အရှေ့)ရပ်ကွက်တွင် လည်းကောင်း အသီးသီး ဆက်လက် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက် ဖော်ထုတ်ချက်အရ ဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဝမ်စန့်ကျေးရွာနေ အိုက်ငင်းဦး (ခ) အိုက်ကျန်ဦး (ဖမ်းဆီးရန်ကျန်) ထံမှ ကလေးမြို့နေ လာလ်ပဲက်စိုင်း (ဖမ်းဆီးရန်ကျန်) နှင့် ဂူလ်မွေး (ဖမ်းဆီးရန်ကျန်) တို့က ဝယ်ယူ၍ ကလေးမြို့သို့ အဆင့်ဆင့်သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တောင်ကြီးမြို့၌ တရားခံ သိန်းထွန်းဦး (ခ) ဘိုဘိုအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။




ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ တရားခံ ဘောက်လာ(ခ)ဂျိမ်းဖောနှင့် မန္တလေးမြို့၌ တရားခံ မင်းမင်းဇော် (ခ) ကိုဇော်၊ ဇင်ကိုအောင် (ခ) အောင်သူ၊ ချစ်မင်းဟန်(ခ)အစွယ်တို့အား ဖမ်းဆီးရမိ ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။



မန္တလေးမြို့၌ တရားခံ အာကာလင်း၊ စိန်းလျှံထန်၊ မင်းမင်းဇော် (ခ) ကိုဇော်နှင့် ဇင်ကိုအောင် (ခ) အောင်သူ (ဝဲမှယာ) တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

# တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၂ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၄၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာ၌ မော်တော်ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၈၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၈၁၂၅၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck တစ်စီး၊ Nissan Diesel Truck သုံးစီး၊ Hino Profia Truck တစ်စီး၊ Jing Gong Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၁၈၁၂၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ



ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သန်လျင်မြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး၊ မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၉၉ ပီပါနှင့် ပီပါခွံ ၁၄၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၈၅၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၈၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၆၅၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၃၈၀၀၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၃ ရက်တွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ ၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၈၄၀၀၀) ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၉ ရက်၊ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၇၃၃၁၅၈၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

ဩဂုတ် ၂၆ ရက် နံနက် ၁ နာရီခွဲမှာ ပရီမီယာလိဂ်ပွဲစဉ် (၂) မှ နယူးကာဆယ်နဲ့ လီဗာပူးအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရာနှုန်းပြည့်နိုင်ပွဲဆက်လက်ထိန်းသိမ်းနိုင်ဖို့ ကြိုးပမ်းလာမယ့် လီဗာပူးကို နယူးကာဆယ်အနေနဲ့ အိမ်ကွင်းမှာ ဟန့်တားသွားနိုင်မလား လက်မလွှတ်တမ်းစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# လီဗာပူးရဲ့တိုက်စစ်ကို ကာဆယ်အသင်းခံစစ် ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး



■ စောင့်ကြည့်ရမယ့်ကစားသမား

ဘရူနို ဂူမာရက်စ်
နယူးကာဆယ်အသင်း
ကွင်းလယ်

**ကာဆယ် VS လီဗာပူး နံနက် ၁း၃၀**

အဖွင့်ပွဲစဉ်မှာ ကာဆယ်က ဗီလာကို ခြေရည်တူကစားနိုင်ခြင်းမရှိတဲ့အပြင် ပြိုင်ဘက်အသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုတွေကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရတာ ဖြစ်ပါတယ်။ ပြိုင်ဘက်လီဗာပူးက ဘုန်းမောက်အသင်းကို အနိုင်ယူပြီး ချန်ပီယံခြေစွမ်းပြသနိုင်ခဲ့ပါတယ်။

ကာဆယ်က နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမှာဖြစ်ပြီး လီဗာပူးက နိုင်ပွဲဆက်ဖို့ အားစိုက်ကစားလာမှာဖြစ်တာကြောင့် နောက်ဆုံးမိနစ်အပိုင်းအခြားအထိ ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိလာနိုင်တယ်။ မည်သို့ပင်ဆိုစေ လီဗာပူးရဲ့ တိုက်စစ်ကို ကာဆယ်အသင်းခံစစ်က ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး။ ဒါကြောင့် နယူးကာဆယ်အသင်းထက် လီဗာပူးအသင်းသာ ရာနှုန်းပြည့်နိုင်ပွဲကို ဆက်လက်ထိန်းသိမ်းနိုင်ဖွယ်ရှိတယ်။



■ စောင့်ကြည့်ရမယ့်ကစားသမား

ဟူဂိုအီကီတီကဲ
လီဗာပူးအသင်း
တိုက်စစ်

# အီတလီစီးရီးအေ အဖွင့်ပွဲစဉ် ရိုးမားနိုင်ပွဲရပြီး အေစီမီလန်အသင်း ရှုံးပွဲကြုံ

အီတလီစီးရီးအေအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ရိုးမားနှင့် ဘိုလေ့ဂ်နာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားအသင်းက ပွဲကစားချိန် ၅၃ မိနစ်တွင် ရရှိခဲ့သော ဝက်စလေ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိကာ အဖွင့်မျက်နှာပန်းလှခဲ့သည်။

ရိုးမားအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ဘိုလေ့ဂ်နာအသင်းကို ပွဲချိန်အများစု ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ဘိုလေ့ဂ်နာအသင်းသည် ခြေစွမ်းကောင်းပြသရန် ရုန်းကန်ခဲ့ရသည့်အပြင် အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ရသည်။

အီတလီစီးရီးအေအဖွင့်ပွဲစဉ်မှ အခြားပွဲစဉ်ရလဒ်တွင် ခရီမွန်းနိစ်က အေစီမီလန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အေစီမီလန်အသင်းသည် ခရီမွန်းနိစ်အသင်းကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက် ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။



■ ရိုးမားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကစားသမား ဝက်စလေ သွင်းယူစဉ်။

# ဘွန်ဒက်စ်လီဂါအဖွင့်ပွဲစဉ်တွင် တန်ဟတ်၏ လေဗာကူဆင်က ဟော်ဖန်ဟိန်းကို ရှုံးနိမ့်

မန်ယူနည်းပြဟောင်းတန်ဟတ် တာဝန်ယူကိုင်တွယ်နေသည့် လေဗာကူဆင်အသင်းသည် ဘွန်ဒက်စ်လီဂါအဖွင့် ပွဲစဉ်တွင် ဟော်ဖန်ဟိန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ တန်ဟတ်၏ လေဗာကူဆင်အသင်းသည် ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။

တန်ဟတ်သည် မေလတွင် နှစ်နှစ်စာချုပ်ဖြင့် လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ လေဗာကူဆင်အသင်းသည် ပြီးခဲ့သည့် ရာသီတွင် အဆင့် (၂) ဖြင့် ရာသီပိတ်သိမ်းခဲ့သော်လည်း ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းနှင့် ၁၃ မှတ်အထိ ကွာဟခဲ့သည်။

ပြိုင်ဘက်ဟော်ဖန်ဟိန်းအသင်းက လေဗာကူဆင်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်ကစားမှုအောက် ခြေစွမ်းကောင်းပြသနိုင်ခြင်း မရှိသော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရ အသုံးချကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။



■ လေဗာကူဆင်နှင့် ဟော်ဖန်ဟိန်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

ဘွန်ဒက်စ်လီဂါအဖွင့်ပွဲစဉ်မှ အခြားပွဲစဉ်ရလဒ်များတွင် ဘိုင်ယန်မြူးနစ်က လိုက်ပ်ဇစ်ကို ခြောက်ဂိုး-ဂိုးမရှိ၊ ဖရန့်ဖတ်က ဝါဒါဘရီမင်ကို လေးဂိုး-တစ်ဂိုး၊ ဝုဖ်ဘတ်က ဟိုင်ဒင်ဟိမ်းကို သုံးဂိုး-တစ်ဂိုး၊ အော့စဘတ်က ဖရိုင်းဘတ်ကို သုံးဂိုး-တစ်ဂိုး၊ ယူနီယံဘာလင်က စတုဂတ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ပေါလီနှင့် ဒေါ့မွန်အသင်း ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။

# ပရီမီယာလိဂ်ပွဲစဉ် (၂) တွင် အဲဗာတန်နိုင်ပွဲရပြီး နော်တင်ဟမ်ဖောရက်စ် သရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၂) အဖြစ် ဩဂုတ် ၂၄ ရက်ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သော အဲဗာတန်နှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင် အဲဗာတန်က နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဘရိုက်တန်အသင်းသည် ပွဲကစားချိန် ၇၇ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဒန်နီဝဲလ်ဘတ်၏ အဆုံးသတ်ကန်သွင်းယူမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ အဆိုပါ ပွဲစဉ်တွင် အဲဗာတန်အသင်း ဂိုးသမား ပစ်ဖို့ဒ် အထူးလက်စွမ်းပြသနိုင်ခဲ့ပြီး ပြိုင်ဘက် ဘရိုက်တန်အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ကာကွယ်နိုင်ခဲ့သည်။

အခြားပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်နှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ နော်တင်ဟမ်အသင်းက ပဲလေ့စ်အသင်းထက် သာလွန်သည့်ကစားဟန်ဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

# ဘာစီလိုနာက လီဗန်တေးကို ချေပဂိုးများ သွင်းယူပြီး နိုင်ပွဲဆက်

လာလီဂါပွဲစဉ် (၂) အဖြစ် ဩဂုတ် ၂၄ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် လီဗန်တေးနှင့် ဘာစီလိုနာအသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက အကြိတ်အနယ်ကစားကာ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

လီဗန်တေးအသင်းသည် ပထမပိုင်းတွင် ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးများနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ လီဗန်တေးအသင်းသည် အဖွင့်ပွဲစဉ်တွင်လည်း ဒီပို့တီဗိုအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

လီဗန်တေးအသင်းသည် ယခုပွဲစဉ်တွင် ပြိုင်ဘက်ဘာစီလိုနာအသင်းထက် ဘောလုံးပိုင်ဆိုင်မှုပိုင်း အသာမရခဲ့သော်လည်း ဂိုးရရှိနိုင်သည့်အခွင့်အရေး ဖန်တီးမှုပိုင်းတွင် အသာစီးရယူနိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘက်စ်တစ်က ဒီပို့တီဗိုကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး မာယော့ကာနှင့် ဆဲလ်တာဗီဂိုအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို အက်သလက်တီကိုမက်ဒရစ်နှင့် အယ်ချီအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။



■ ဘာစီလိုနာကစားသမား ပက်ဒရီ လီဗန်တေးဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

## နောက်ဆုံးရ အားကစားသတင်းတိုများ



- ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၅ ရက် (ယနေ့) တွင် နာမည်ကြီး ကာဇက်စတန် တင်းနစ်မယ် အီလန်နာ ရိုင်ဘာကီနာနှင့် အမေရိကန် တင်းနစ်မယ် ပါရီဂျားတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ ရိုင်ဘာကီနာသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် စင်စင်နတီအိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်ခဲ့သည်။
- အယ်တီဟတ်အသင်းက မန်ယူကွင်းလယ်ကစားသမား ဖာနန်ဒက်စ် (၃၀ နှစ်) ကို ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ရိုးမားအသင်းက လီဗာပူးမှ ဂရိဗဟိုခံစစ်ကစားသမား ဆီမီကပ်စ် (၂၉နှစ်) ကို အငှားခေါ်ယူလိုနေသည်။

■ မိုးဇက်-စုစည်းရေးသားသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade - 4 (Unit-6)

### Section (A) Listening

**I.** Listen carefully to the teacher and write True or False. (2 marks)

| Example - 1. Book | (1) True |
|---|---|

1. Blackboard (1) ..............
2. Computer (2) ..............
3. Student (3) ..............
4. Bird (4) ..............
5. Door (5) ..............
6. Bag (6) ..............

### Section (B) Reading

**II.** Fill in each blank with 'must' or 'have to'.(2 marks)

1. You .......... wear a seatbelt while driving.
2. I .......... finish my homework before dinner.
3. We .......... be quiet in the library.
4. She .......... take her medicine every morning.
5. They .......... study hard to pass the exam.
6. You .......... not smoke here.

### Section (C) Writing

**III.** Fill in the blanks with a suitable word. (2 marks)

1. China is a very .......... (big) country.
2. India is also a .......... (big) country.
3. The yuan is the currency of .......... (chinese).
4. The .......... (India) people use the rupee.
5. The money used in a country is its .......... (currency).
6. The currency of Laos is the .......... (kip/baht).
7. The baht is the currtncy of .......... (Thai).

**Answer Keys**

I. 1. True 2. False 3. True 4. False 5. True 6. True

II. 1. must 2. have to 3. must 4. has to 5. have to 6. must

III. 1. big 2. big 3. China 4. Indian 5. currency 6. kip 7. Thailand

## Grade-5 (Unit-6)

### Section (A) Listening

**I.** Listen carefully to the teacher and match the phrases from column A and column B to make sentences. (5 marks)

| Column A | Column B |
|---|---|
| 1. listen | a. your homework |
| 2. write | b. to the teacher |
| 3. open | c. your hand |
| 4. raise | d. the question |
| 5. answer | e. your book |
| 6. read | f. carefully |
| 7. bring | g. the board |
| 8. look at | h. every day |
| 9. sit | i. down quietly |
| 10. do | j. the text |

### Section (B) Reading

**II.** Read the following dialogue and fill in the blanks with the suitable words given below. (10 marks)

| open | listen | page | explain | matters |
|---|---|---|---|---|
| study | do | check | bring | tomorrow |

Teacher : Good morning, students! Please ....... (1) ....... your books and ....... (2) ....... to page 10.

Student : Good morning, teacher! I have a question about the ....... (3) .......

Teacher : Sure! What do you want to know?

Student : Can you ....... (4) ....... the meaning of the word "important"?

Teacher : Yes. It means something that ...... (5) ..... a lot.

Student : Thank you! I will ....... (6) ....... it carefully.

Teacher : Great! Now, please ....... (7) ....... the exercise in your workbook.

Student : Okay, I will ....... (8) ....... the answers when I finish.

Teacher : Good. Don't forget to ....... (9) ....... your homework tomorrow.

Student : I won't forget. See you ....... (10) .......!

### Section (C) Writing

**III.** Supply the correct form of the verb given in brackets. (5 marks)

1. I always try to (stay) .......... healthy.
2. I (exercise) .......... regularly to be fit.
3. I (eat) .......... fruit and vegetables.
4. I (drink) .......... a glass of milk every day.
5. I (wash) .......... my hands regularly.

### Section (D) Speaking

**IV.** Answer the questions correctly asked by the teacher. (10 marks)

1. What is your grandmother's name? (1) ..........
2. How old is she? (2) ..........
3. Where does she live? (3) ..........
4. What does she look like? (4) ..........
5. What kind of person is she? (5) ..........
6. What does your grandmother like to do? (6) ..........
7. How does she help your family? (7) ..........
8. What do you learn from her? (8) ..........
9. Do you spend time with your grandmother? (9) ..........
10. Why do you love your grandmother? (10) ..........

**Answer Keys**

I. 1. b. 2. f. 3. e. 4. c. 5. d. 6. j. 7. h. 8. g. 9. i. 10. a.

II. 1. open 2. listen 3. page 4. explain 5. matters 6. study 7. do 8. check 9. bring 10. tomorrow

III. 1. stay 2. exercise 3. eat 4. drink 5. wash

IV. 1. Her name is Daw Mya Mya.
2. She is seventy years old.
3. She lives with us in our home.
4. She is short, thin, and always wears traditional clothes.
5. She is kind, gentle, and very wise.
6. She enjoys praying, telling stories, and gardening.
7. She cooks, takes care of us, and gives good advice.
8. I learn good manners, honesty, and patience from her.
9. Yes, I talk with her and listen to her stories every day.
10. Because she loves us so much and always takes care of us.

## Grade-6 (Unit-6)

**I.** Choose the appropriate words or phrases to complete the sentences. (10 marks)

1. Kaythi had fried noodles with chicken and .......... for lunch. A. carrots B. broccoli C. cabbage
2. Noodles contain .......... which are important for energy. A. protein B. carbohydrates C. fibre
3. Chicken has .......... which helps the body grow. A. sugar B. protein C. fat
4. Broccoli has vitamin K, which is good for ..........
   A. bones B. memory C. skin
5. For dessert, Kaythi had a bar of ..........
   A. white chocolate B. dark chocolate C. milk chocolate
6. Having 150 calories of dark chocolate is good for the .......... A. hair B. skin C. nails
7. Kaythi usually eats .......... food.
   A. fast B. healthy C. junk
8. She wants to be .......... and do well in her studies.
   A. taller B. thinner C. slower
9. Zaw Naing ate rice, fish curry, and fried ..........
   A. cabbages B. string beans C. onions
10. After lunch, he had two ..........
    A. apples B. bananas C. mangoes

**Answer Keys**

I. 1. B 2. B 3. B 4. B 5. B 6. B 7. B 8. A 9. B 10. B

## Grade-7 (Unit-6)

**I.** Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Amber, the y......... light, was feeling sad.
2. She thought, "My friends, G......... Light and R......... Light, have the best jobs."
3. Everyone listens to Green when he lights up and says "G.........!"
4. Everyday stops and s......... at Red when they see him.
5. But nobody c......... very much about me.
6. One day, Green and Red a......... about who had the better job.
7. After a long q........., Green lit up as bright as he could.
8. D......., the Truck, smiled at Green and began to move.
9. There was a car named S ......., moving behind Dodge.
10. At that moment, Red turned his light on and lit up as bright as he c..........

**Answer Keys**

I. 1. yellowish-brown 2. Green / Red 3. Go 4. stares 5. cares 6. argued 7. quarrel 8. Dodge 9. Saloon 10. could

## Grade-8 (Unit-6)

**I.** Fill in the blanks with 'on', 'in', 'at', 'from', 'to' 'for' or 'since'. (10 marks)

1. The match will start .......... four o'clock this afternoon.
2. He is attending class .......... Sundays.
3. My birthday is .......... the month of May.
4. They were to meet .......... Wednesday .......... three o'clock in the afternoon.
5. The meeting ended .......... seven o'clock ..........the night.
6. The baby slept .......... three o'clock .......... five o'clock .......... the afternoon.
7. Mary has been absent from school .......... three days.
8. National Day in Singapore is .......... the 9th of August.
9. We shall be meeting Rama .......... six this evening.
10. Meiling has been practising the piano .......... this morning.
11. How is your sister? I have not seen her .......... a long time.
12. The principal is giving a speech .......... ten minutes' time.
13. The boys have been playing football .......... two hours.

**Answer Keys**

I. 1. at 2. on 3. in 4. on, at 5. at, in 6. from, to, in 7. for 8. on 9. at 10. since 11. for 12. in 13. for

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၆၇၃၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/6598 ၏ ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဓယ/၅၄၇၁၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅ သမိုင်း)၊ (၇)ရပ်ကွက်၊ ရတနာလမ်းသွယ်လမ်း၊ ခြံအမှတ် (၃၃/ F-2)၊ မြေကွက်အမှတ် (၂/ဓ–၁၄/၃–ခ)၊ အကျယ်အဝန်း (၀.၂ ဧက)ရှိ (၁) ဦးမင်းဆွေထွန်း (၁၃/တကန (နိုင်) ၁၄၃၁၁၉)၊ (၂) ဒေါ်စောမြတ်မွန် (၁၂/ဥကမ (နိုင်) ၁၇၄၈၆၇)၊ (၃) ဒေါ်နီလာထွန်း (၁၂/မရက (နိုင်) ၀၅၉၈၃၂)၊ (၄) ဒေါ်အိအိထွန်း (၁၂/ဒဂန (နိုင်) ၀၂၇၈၄၀)၊ (၅) ဦးကံကြီးကျော် (၁၂/မရက (နိုင်) ၁၃၂၉၂၀) နှင့် (၆) ဦးဇွန်ကိုကိုကျော် (၁၂/မရက (နိုင်) ၁၅၁၁၅၄)တို့ အမည်ပေါက် မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် W/94320 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကြိုင် ၉/မနတ(နိုင်)၀၂၃၄၅၇ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ဖခင်အမည်မှန်

မုံရွာမြို့၊ SEC ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade–6မှ မခိုင်သဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆)အရ ဦးမျိုးမြင့်ထွန်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ တိပိဋကဓရ ဘုန်းတော်ကြီး သင်ပညာပါရမီသင်တန်းကျောင်း၊ Grade–8 မှ မဖြိုးအိအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း ၅/ရဥန(နိုင်)၁၁၈၇၈၄ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၆၇၃၈ Teryan 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၉/အမဇ(နိုင်) ၀၇၁၆၆၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ ဆင်ခေါင်းကြီးကျေးရွာ၊ ကွင်းအမှတ်(၆၆၄–က)၊ ဦးပိုင်အမှတ် (၅၆/ဓ) ဧရိယာ ၀ ဒသမ ၇၅ ဧကမြေကွက်အတွင်းမှ ဦးပိုင်အမှတ် (၅၆/ဓ–၁)၊ ဧရိယာ (၄၈/၆၀x၇၇/၇၈)ပေအကျယ်ရှိ အရှေ့လားသော်–ပေ(၂၀)ကိုယ်ပိုင်လမ်း၊ အနောက်လားသော်–ဦးပိုင်အမှတ် (၄၄/၂)မြေကွက်၊ တောင်လားသော်–ဦးပိုင်အမှတ် (၅၆/ဓ) မြေကွက်၊ မြောက်လားသော် – ဦးပိုင်အမှတ် (၅၆/င)မြေကွက် စသည့်လားရာလေးရပ်အတွင်းရှိ မြေကွက်နှင့် ပတ်သက်၍ ဒေါ်ဇင်မာမိုး ၇/ပခန (နိုင်)၁၉၄၁၉၉ မှ အထက်ပါမြေကွက်အား ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ၎င်း၌ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်အဆိုပါမြေကွက်အား ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဖြူနှင်းသန့် ( LL.B )** | **ဒေါ်ခိုင်သူဇာကျော် ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၅၅၀)** |
| **(စဉ် – ၁၄၆၉၄)** | **ပြည်တော်သာ(၃)လမ်း၊ ရပ်ကွက်ကြီး(၅)၊** |
| **အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)၊** | **ပြင်ဦးလွင်မြို့** |
| **ပြင်ဦးလွင်မြို့** | **ဖုန်း–၀၉–၉၅၉၈၆၅၄၃၄** |
| **ဖုန်း–၀၉–၇၉၆၄၆၅၀၁၂** | |

## အများသိစေရန်ကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့၊ မဟာမြိုင်ရပ်ကွက်နေ ဦးအုန်းမောင် – ဒေါ်လှရွှေးပိုင်ဆိုင်သော ကွင်းအမှတ်(၁၁၁၄)၊ ရွှေကတော ဘုရားကွင်း၊ ဦးပိုင်အမှတ်(၁၃၆ᵃ/၉)၊ ဧရိယာ ၀ ဒသမ ၁၁ဧကရှိ မြေနှင့် အဆောက်အအုံများကို ပိုင်ရှင်ကိုယ်တိုင်ရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ၂၅–၈–၂၀၂၅ ရက်မှ ၂၅–၉–၂၀၂၅ ရက်အတွင်း အချိန်မီ ကန့်ကွက်နိုင်ပါရန် ကြေညာအပ်ပါသည်။

**ဦးအုန်းမောင် –ဒေါ်လှရွှေး**
**ဖုန်း–၀၉–၉၅၆၃၀၆၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၃/ရွှေပေါက်ကံ)၊ မိုးကုတ်လမ်း၊ မြေကွက်အမှတ်(၃၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးသီရိမြင့်နိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား ဦးဝင်းနိုင်(ခ)ဦးလင်းနိုင်ဦး (ဘ) ဦးကီကြိုင် ၁၄/မမန(နိုင်)၀၀၀၅၁၁၊ အမှတ်(၁၈)၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေသူမှ ၎င်းဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ၎င်းတွင် လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံပြီး ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိစံပါယ်အောင် ၁၃/ဖခန(နိုင်) ၀၄၂၆၃၂၊ အမှတ်(၁၅၄) ရတနာကျွန်းရိပ်သာ၊ သုနန္ဒာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေသူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အိမ်ဝင်းမြေနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမွန်ထက် (LL.B)** | **ဦးရဲဝေလျှံ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်–၉၈၅၉/၂၀၁၄** | **စဉ်–၅၂၉၈၄/၂၀၁၉** |
| **ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊** | **ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့၊** |
| **ဖုန်း–၀၉–၄၅၆၃၅၁၆၄၄** | **ဖုန်း–၀၉–၇၉၅၃၉၉၄၄၁** |


**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**


## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အမှတ် (၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော သံဃာ/သီလရှင်များအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများကို ဝယ်ယူရန် တင်ဒါအမှတ်–ဇီဝိတ ၁/၂၀၂၅ ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါတင်သွင်းလွှာပုံစံများ** – ၁–၉–၂၀၂၅ရက်၊ (တနင်္လာနေ့)
**စတင်ရောင်းချမည့်ရက်/အချိန်** – နံနက် ၉:၀၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** – ၃၀–၉–၂၀၂၅ ရက်၊ (အင်္ဂါနေ့) ညနေ ၃:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ဆေးဝါးပစ္စည်းနှင့် ပတ်သက်သော အချက်အလက်များသိရှိလိုပါက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ဆေးသိုလှောင်ရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း– ၀၉–၇၃၀၀၆၄၄၆၊ ၀၉–၄၃၀၈၈၁၅၁**

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်မြို့**

## နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော မောင်စိုးမင်းနိုင် ၁၂/ခရန(နိုင်)၁၂၆၂၉၅နှင့် မချိုချိုစန်း ၁၂/ခရန(နိုင်)၁၈၀၈၃၅ တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်၍ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့်၇–၈–၂၀၂၅ရက်တွင် "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကိုမိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အီလက်ထရွန်နစ်စနစ်ဖြင့် အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ မောင်စိုးမင်းနိုင်နှင့်မချိုချိုစန်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်စပ်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်စိုးမင်းနိုင်နှင့်မချိုချိုစန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုလှိုင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၄၆၂၄၃) (၃၀–၇–၂၀၁၅)**
**အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်**
**ဖုန်း–၀၉ – ၇၆၂၇၆၀၀၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ ဥယျာဉ်(၃)လမ်း၊ မြေကွက်အမှတ်(၂၂၄)ဟုခေါ်တွင်သည့် အရာခံဗိုလ်မြင့်အေး အမည်ပေါက် ပါမစ်မြေအမျိုးအစား အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်အစပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးမင်းချို ၁၂/တမန(နိုင်)၀၉၃၄၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှထွေး ၁၂/ရပသ(နိုင်)၀၂၈၅၀၆ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုလျှင် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကျော်မြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၁၈၃)**
**အမှတ်(၄၇၈)၊ မွှေးရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၂၀၀၅၁၇၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/9470 Daung 110 M/C ယာဉ်လက်ဝယ်ရှိသူ Lucky Thukha Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၂၃၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၁၀/မလမ(နိုင်)၂၅၁၄၄၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇(၂)
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ်– ၉၄

**ဦးကျော်ကျော်ထက်** — **လျှောက်ထားသူ**

**ကွယ်လွန်သူ သူရဦးအောင်ထက် ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်–၂ လမ်း၊ အမှတ်(၁၁၈)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ သူရဦးအောင်ထက် ကျန်ရစ် သောပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသည့် ဦးကျော်ကျော်ထက် က လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့်ငှားရမ်းခြင်းတို့အတွက် လျှောက်ထားသူ ၏ခံစားခွင့်ကို ဆက်လက်ဆောင်ရွက်နိုင်စေရန် အမွေထိန်းလက်မှတ်စာရထားသူအား လုပ်ပိုင်ခွင့်ပြုကြောင်း အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇(၂)အရ ခွင့်ပြုမိန့်ထုတ်ပေးပါရန် လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ( ၂ ) ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း(၁၁) ရက်) နံနက်(၁၀:၀၀)နာရီတွင်ကြားနာရန်ချိန်းဆိုထားသဖြင့် ထိုကွယ်လွန်သူ သူရဦးအောင်ထက် ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆိုလာရောက်အမှုရင်ဆိုင်ပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ အဆိုပါနေ့ရက်အချိန်ထက် နောက်မကျစေဘဲ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့၏ နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာစီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ( ၂၁ )ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အလက(ခွဲ) ရွာသာယာကျောင်းမှ အထွေထွေလုပ်သား တာဝန်ထမ်းဆောင်နေသော ဦးကျော်ကျော် ၈/မသန(နိုင်)၀၂၈၀၂၈ ၏ ဖခင်မှာ ဦးဝိဇ္ဇာကြည်နှင့် ဦးဝိဇ္ဇာချည်ဟူ၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

(ဘ)ဦးငွေအောင်၏သမီး မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ Grade–7(A) မှ မဟန်ဇင်နှင်းအားယနေ့မှစ၍ မဟန်ဇင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဟန်ဇင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၂) ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကွင်းအမှတ်(၂–ရပ်ကွက်) မြို့မ၊ ဦးပိုင်အမှတ်(၂၅/၅)၊ ဧရိယာ ၀ ဒသမ ၁၂၇ ဧကရှိ အိမ်ရာမြေသည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၃–၈–၂၀၁၈ ရက်အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၈) ဆုံးဖြတ်ချက်အမှတ်(၃၅)နှင့် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၃၀–၅–၂၀၁၈ရက်အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် (၁၉)တို့အရ အိမ်ရာမြေအဖြစ် လူနေထိုင်အသုံးပြုရန်အတွက် ဦးရဲမင်းထွန်းအား အခြားနည်းအသုံးပြုခွင့်ပြုထားသောမြေကို ဦးရဲမင်းထွန်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောင်းကုန်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၇၄၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်ဦး ၁၀/သထန(နိုင်)၂၉၁၇၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၁၅၆၉၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ပြာ ၇/အထန(နိုင်)၀၈၄၈၀၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**


**အလိမ္မာ စာမှာရှိ**


## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု(RA)–(RA–3)၊ အကွက်အမှတ်(တ–၀၂)၊ မြေကွက်အမှတ်(၀၇၆၇)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၇၇၉/၂၀၂၀)အရ ဦးသာအေး ၁၂/တတန(နိုင်)၁၁၃၄၀၆ အမည်ဖြင့် ရရှိထားသည့်မြေကွက်ဖြစ်ပြီး ၎င်းမှအဆိုပါ မြေကွက်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည်(LL.B,D.B.L)** | **ဒေါ်ညီမှာ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၁၈)** | **အထက်တန်းရှေ့နေ(စဉ်–၃၅၇၇၆)** |
| **ဖုန်း–၀၉–၄၃၀၉၅၃၆၇** | **အခန်းအမှတ်(308)၊ Office Tower(3),Time City,** |
| | **ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/4629 Bajaj 200 (200CC) T/W ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်းမြင့် ၈/ပခက(နိုင်)၀၁၅၀၀၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အများသိစေရန်အသိပေးကြညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဗထူးလမ်း၊ (၂)ရပ်ကွက်၊ အိမ်အမှတ်-၁၁၀၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၁၁၀၊ ဧရိယာ (၀.၀၆၂)ဧက၊ ပေ(၄၅x၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနရှိ မြို့မြေစာရင်းတွင် ဦးရန်ဆူရှန် (၁၃/တယန(နိုင်)၀၃၆၆၂၅) အမည်ပေါက်တည်ရှိသောမြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက်သူထံမှ ဦးမျိုးလွင်ဦး (၁၂/တကန(ဧည့်)၀၀၀၁၃၀) နှင့် ဦးကြည်စိုး (၁၂/ရပသ(နိုင်)၁၂၅၉၂၅)တို့သည် ၂၈-၇-၂၀၂၅ ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုဝယ်ယူပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၄၉)**
**အမှတ်-၃(B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/24374 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသန္တာဝင်း ၁၄/မအန(နိုင်)၁၂၅၉၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၄၄၁၈ HONDA DRAEAM 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွေးဝင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈)၊ တဖက္ကာကွင်း၊ မြေကွက်အမှတ်(၂၇၉)၊ မြေဧရိယာ သုည ဒသမ ၀၅၅ ဧကအား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈-၃-၂၀၁၆) ရက်စွဲပါ စာအမှတ် ၁၈၆/၄/၁-၁၂/ဦး ၁ အရ ဦးကျော်မင်းဝေ၊ ဒေါ်အေးအေးနွယ် အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးကျော်မင်းဝေ ၆/မမန(နိုင်)၁၁၅၆၅၈၊ ဒေါ်အေးအေးနွယ် ၆/မအရ(နိုင်)၀၈၄၇၁၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်အထက်(၃) လမ်း၊ အမှတ်(၅၀၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ တိုက်ရှေ့မျက်နှာမူလှျင်-ဝဲဘက်၊ အကျယ်အဝန်းပေ (၁၈x၅၅)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို မြေပိုင်ရှင်အနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ခင်မာဆွေ ၁၂/သကတ(နိုင်)၀၅၂၈၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်သီရိမိုး ၁၂/သခန(နိုင်) ၀၉၅၄၉၁က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၈-၂၀၂၅ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ-၂၄တွင်ပါရှိသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေးမှ ကြေညာသော "ကန့်ကွက်နိုင်ပါသည်"တွင် ဦးကြည်းဟန် အစား "ဦးကြီးဟံ"ဟု အမှန် ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

(ဘ)ဦးအုံးသော်၏သား မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8(C)မှ မောင်ဖြိုးပြည့်အောင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ပြည့်ဖြိုးအောင် ဖြစ်ပါကြောင်း။

**မောင်ပြည့်ဖြိုးအောင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၆၃)၊ (ဒ/၁၇)ရပ်ကွက်၊ မော်ဘီလမ်း၊ အမှတ်(၉၄၀)၊ ဗိုလ်ကြီးဇော်မင်း အမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေအကျယ်အဝန်းအလျား (၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူဖြစ်သော ဗိုလ်ကြီးဇော်မင်း ၉/မထလ(နိုင်)၁၁၇၂၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးငွေစိုး ၁၂/ရပသ(နိုင်)၀၅၃၈၃၇ က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးထွေးဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၂၇)**
**အမှတ်(၂၁၆၄/ခ)၊ မဟာဗန္ဓုလလမ်း၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာ**
**ဖုန်း-၀၉-၄၂၀၀၆၆၇၆၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်-၂၈၁၀၊ အမှတ်(၁၀)မူးမြစ် ဝှမ်းရိုးအနီး၊ ဦးပိုင်အမှတ်-၃၄၂၊ ဧရိယာ၀ ဒသမ ၁၁၀ဧကရှိ ဦးချစ် အမည်ပေါက် ဂရန်မြေထဲမှ အနောက်ဘက်ခြမ်း ၀ ဒသမ ၀၅၅ ဧကရှိမြေနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ဦးဇော်ဇော်ဦး ၅/ရဘန(နိုင်)၁၃၃၁၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်ဝင်း ၅/ကဘလ(နိုင်)၂၃၂၇၃၂ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီထွေး (LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၈၄/၂၀၁၇)**
**ပြင်ဈေးမြောက်၊ အမှတ်(၁)ရပ်ကွက်၊ ရွှေဘိုမြို့**
**ဖုန်း-၀၉-၄၀၁၆၈၁၃၂၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/8517 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q /7388, Toyota HighLander, s/w(4x4)(L) ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကျော်ခိုင် ၁၂/မဂတ(နိုင်)၀၀၀၅၉၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q /9750, CHMC Truck (4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးကျော် ၆/သရခ(နိုင်) ၀၈၀၆၂၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၆၆၉/ကံပြား)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၃၃လမ်း၊ က-၆၊ က-၇၊ က-၈၊ က-၉၊ က-၁၀)၊ ဧရိယာ ၀ ဒသမ ၅၅၀ ဧကရှိ မြေအား မြို့မြေအမှုတွဲအမှတ်၊ ၉၀၄/၂၀၀၂-၂၀၀၃ အရ ၂၂-၆-၁၉၉၉၈ ရက်မှ ၂၁-၆-၂၀၂၈ရက်ထိ ဒေါ်နီနီခိုင်အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသော မြေကွက်အနက်မှ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၆၉/ကံပြား)၊ ဦးပိုင်အမှတ် (၃၃လမ်း၊ က-၆၊ က-၇)၊ ဧရိယာ၀ ဒသမ ၂၂၀ ဧကရှိမြေအား ဦးဝင်းရွှေအမည်ဖြင့် မြေငှားစာချုပ် (ခွဲစိတ် အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် ၁၉-၈-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်း ချက်များနှင့်အညီ မြေငှားစာချုပ် (ခွဲစိတ် အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

